မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily

ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၁၁၉)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၈/၂၀၂၃) ကျင်းပ

နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ မှန်မှန်ကန်ကန်လည်ပတ်နိုင်ရေးနှင့် မြေနေရာများကို အကျိုးရှိရှိအသုံးချနိုင်ရေး စီမံဆောင်ရွက်ရန်လို

စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၈/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ်(၈/၂၀၂၃) ကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

ယနေ့ *မာ တိ ကာ*

Double standard မှုနှင့် အင်အားကြီးသူတို့၏ ပဋိညာဉ် | ဆောင်းပါး | စာ ၁၀

ရန်ကုန် - ဂါယာ - ရန်ကုန် လေယာဉ်ခရီးစဉ် ပြန်လည်စတင်ပြေးဆွဲ | ပြည်တွင်းသတင်း | စာ ၁၁

စပျစ်စိုက်ပျိုးခြင်းဖြင့် တောင်သူစီးပွား၊ ဒေသစီးပွား တိုးပွားစေမည် | သေးငယ်လတ်စီးပွားရေးလုပ်ငန်း | စာ ၁၆

ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်း

နိုင်ငံ့စီးပွားတိုးတက်ရေးတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ရန်လိုသည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်ပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးနှင့် ဆက်စပ်လျက်ရှိသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိကြရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို မြှင့်တင်ပေးနိုင်သည်နှင့်အမျှ နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်သော ပြည်သူများ၏ လူမှုအဆင့်အတန်းများလည်း ပြောင်းလဲတိုးတက်လာနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်၊ မြေ၊ စိုက်ပျိုးရေ၊ စိုက်နည်းစနစ်ဟူ၍ရှိရာ မြန်မာ့တောင်သူလယ်သမားအများစုတို့မှာ အကြောင်းအမျိုးမျိုးတို့ဖြင့် သမားရိုးကျစိုက်ပျိုးမှုများနှင့် လမ်းမခွဲနိုင်ကြ။ စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်ခြင်း၊ လယ်ယာလုပ်သားရှားပါးခြင်းကဲ့သို့သော အခက်အခဲများအပြင် ရာသီဥတုနှင့် သီးနှံဈေးနှုန်းကဲ့သို့သော ကြိုတင်ခန့်မှန်း၍မရနိုင်သည့် အခက်အခဲများရှိကြောင်းနှင့် စိုက်ပျိုးစရိတ်မြင့်မားမှုကလည်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးတွင် အဟန့်အတားတစ်ခုသဖွယ်ဖြစ်ကြောင်း တောင်သူအချို့က ထုတ်ဖော်ပြောကြားကြသည်။ သီးနှံများအထွက်နှုန်းကောင်းမွန်ရေးအတွက် ဓာတ်မြေသြဇာ သို့မဟုတ် သဘာဝမြေသြဇာများကို အသုံးပြုရန် လိုအပ်ရာ ဓာတ်မြေသြဇာများ ဈေးနှုန်းကြီးမြင့်ချိန်တွင် ဒေသအလိုက် ရရှိနိုင်သည့် သဘာဝမြေသြဇာကို ပြည့်စုံကောင်းမွန်အောင် ပြုပြင်ထုတ်လုပ်သုံးစွဲသွားနိုင်ရန်နည်းလမ်းများနှင့် ပညာပေးမှုများရှိပြီးဖြစ်သည့်အလျောက် အဆိုပါနည်းလမ်းများရရှိနိုင်ရန် အားထုတ်ကြဖို့လည်း လိုသည်။ လယ်ယာလုပ်ငန်းခွင်များတွင် လယ်ယာလုပ်သားရှားပါးမှုများနှင့် စပ်လျဉ်း၍လည်း ခေတ်မီစက်ကိရိယာများ အသုံးပြုဆောင်ရွက်ခြင်းအားဖြင့် အချိန်နှင့်လူ့လုပ်အားတို့ လျော့နည်းသက်သာစေသည့်အပြင် လေလွင့်ဆုံးရှုံးမှုများလည်း လျော့နည်းစေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၃) တွင် အမှာစကားပြောကြားရာ "မိုးသီးနှံများကို ပြည့်ဝစွာစိုက်ပျိုးနိုင်ရေး မိမိအနေဖြင့် တိုက်တွန်းဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးထားသည့် စိုက်ပျိုးမြေများ၌ ရာနှုန်းပြည့် အောင်မြင်ဖြစ်ထွန်းစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းနှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီတွင် နွေစပါးထွက်ရှိမှုနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအနေဖြင့် ပျမ်းမျှ ၉၆ ဒသမ ၂၄ တင်း ထွက်ရှိခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိုးသီးနှံများ စိုက်ပျိုးရာတွင် ရာနှုန်းပြည့်အောင်မြင်ရေးနှင့် အထွက်နှုန်းများကောင်းမွန်ရေး ဆောင်ရွက်ရန်လိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

စပါးကဲ့သို့သော စိုက်ပျိုးသီးနှံသည် ပြည်တွင်း၌ အဓိကစားသုံးသီးနှံဖြစ်ပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် အထွက်နှုန်းကောင်းမွန်ရန် လိုအပ်သည်။ စိုက်ပျိုးစွမ်းအားမြင့်မားရေး ဆောင်ရွက်ရာတွင် ဒေသခံတောင်သူလယ်သမားများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်သည်နှင့်အမျှ စိုက်ပျိုးမြေများ ရာနှုန်းပြည့်အောင်မြင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်ရေး ရည်မှန်းချက်များ ပြည့်မီနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ အမှတ် (၃၃/၄၉) တွင် ပါတီရုံးချုပ်တည်ရှိသော **လေဘာပါတီ (Labour Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၃-၁၀-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

လေဘာပါတီ (Labour Party) ၏ အလံပုံစံ

လေဘာပါတီ (Labour Party) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ဗဟန်းမြို့နယ် စာရေးဆရာအသင်းနာယက ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ကပ္ပတိန်မျိုးကျော်ဦး(တောင်ဥက္ကလာပမြို့နယ်)က ငွေကျပ် နှစ်သိန်း၊ အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ(မလေးယဉ်)မိသားစုနှင့် ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်း

တို့က ငွေကျပ် တစ်သိန်းစီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၃) ဦးမြတ်စိုး (မြတ်စိုး-လှိုင်)နှင့် မြန်မာနေရှင်နယ်ပို့စ်သတင်းအဂျင်စီတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးလှဘော်(မောင်လှဘော်-မအူပင်)နှင့် မြဝင်းဦး(မန်းတက္ကသိုလ်) အောင်မြေသာစံမြို့နယ်တို့က ငွေကျပ်သုံးသောင်းစီ၊ ဦးကံလှ(မောင်လူလှ-ဇေယျာဦး) အောင်မြေသာစံမြို့နယ်က ငွေကျပ် ၂၅၀၀၀၊ မဟာအောင်မြေမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)က ငွေကျပ် နှစ်သောင်း၊ ကိုသစ္စာ(မြန်မာပြည်သား) မဟာအောင်မြေမြို့နယ်က ငွေကျပ်တစ်သောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)နှင့် ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

MRESA မှ ပဲခူးရေဘေးသင့်အိမ်ထောင်စုများအတွက် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA)(ဗဟို)မှ ကြီးမှူး၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၉ မြို့နယ်တို့မှ အသင်းသူအသင်းသားများ ထည့်ဝင်လှူဒါန်းကြသည့် ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၁၂၉၀၀၀၀ ကျော်တို့ကို အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်၍ အသင်းသူအသင်းသား အင်အား ၁၆၂ ဦးတို့သည် လှည်းကူးမြို့နှင့် ပဲခူးမြို့များရှိ ရေဘေးသင့်ပြည်သူများကို အောက်တိုဘာ ၁၆ ရက်က ထောက်ပံ့လှူဒါန်းသည်။

လှည်းကူးမြို့ တိုးချဲ့ရိပ်သာရပ်ကွက်ရှိ အိမ်ခြေ ၁၀၀ ကျော်တို့အား စားသောက်ကုန်များနှင့် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ စီ ထောက်ပံ့ခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မုန်တိုင်းရွာတွင် အိမ်ထောင်စု ၁၅၀ ကျော်တို့အား ဆန်၊ ဆီ၊ ဆား စသည့်စားသောက်ကုန်များနှင့် တစ်အိမ်ထောင်လျှင် ငွေကျပ် ၃၀၀၀၀ စီ ထောက်ပံ့လှူဒါန်းသည်။ ဆက်လက်၍ ပဲခူးမြို့ပေါ်ရှိ (၇/၄) ရပ်ကွက်တွင် အိမ်ထောင်စု ၁၀၀ ကျော်တို့အား စားသောက်ကုန်များနှင့် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ စီ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

မျိုးမင်းသူရ

❂ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့်လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအတွက် အထောက်အကူပြုသည့် လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်

❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားကဏ္ဍများစွာတွင် သုံးစွဲရမည့်ငွေကြေးပမာဏ များစွာရှိနေသည်ဖြစ်သည့်အတွက် စနစ်တကျတွက်ချက်တောင်းခံသွားစေလို

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ဘတ်ဂျက်များကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး သတ်မှတ်ကာလများအတွင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်

❒ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ မှန်မှန်ကန်ကန် လည်ပတ်နိုင်ရေးနှင့် မြေနေရာများကို အကျိုးရှိရှိအသုံးချနိုင်ရေး စီမံဆောင်ရွက်ရန်လို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနများနှင့်ပတ်သက်၍ လုပ်ငန်းများ ဆောင်ရွက်ရာ၌ ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ချိန်တွင် ဝန်ကြီးဌာနများရှိအချို့ လုပ်ငန်းများ ဖျက်သိမ်းခြင်းများရှိသကဲ့သို့ အချို့ လုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များပေးခြင်းနှင့် ဖက်စပ်ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ဝန်ကြီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအချို့ကို ရပ်တန့်ခဲ့သဖြင့် နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် လည်ပတ်သင့်သည့် စက်ရုံများနှင့် လုပ်ငန်းများကို ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ဝန်ကြီးဌာနများ၌ လုပ်ငန်းလည်ပတ်မှုမရှိဘဲ ရပ်တန့်နေရသည့် လုပ်ငန်းရပ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းဆောင်ရွက်ရန် အကြောင်းအမျိုးမျိုးဖြင့် မြေနေရာများရယူထားရှိပြီး လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသည်များ ရှိနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့အကျိုးအတွက် ကြည့်မည်ဆိုပါက ၎င်းမြေနေရာများ၊ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်မည့်၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများက လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံအတွက်လိုအပ်သည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရပိုင်းဆိုင်ရာနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာများ စသည်ဖြင့် အပိုင်းလိုက် ဆောင်ရွက်ရန်လိုကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လွှဲပြောင်းပေးရာတွင်လည်း အမှန်တကယ် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူများကိုသာ ဆောင်ရွက်ခွင့်ပေးရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့်လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအတွက် အထောက်အကူပြုသည့် လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်ဘတ်ဂျက်များကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေးနှင့် သတ်မှတ်ကာလများအတွင်း လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လို

မိမိတို့အနေဖြင့် နှစ်စဉ် ဘတ်ဂျက်ငွေများကို ချထားပေးလျက်ရှိပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ ဝန်ကြီးချုပ်များအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် အကျိုးဖြစ်ထွန်းစေနိုင်မည့်လုပ်ငန်းများအတွက် အမှန်တကယ်လိုအပ်မည့် ငွေကြေးတောင်းခံမှုများကိုသာ ဖြစ်စေရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားကဏ္ဍများစွာတွင် သုံးစွဲရမည့်ငွေကြေးပမာဏ များစွာရှိနေသည်ဖြစ်သည့်အတွက် စနစ်တကျတွက်ချက်တောင်းခံသွားစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ဘတ်ဂျက်များကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး သတ်မှတ်ကာလများအတွင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ထွက်နှုန်းကောင်းမှသာ ပြည်တွင်းစားသုံးမှုကို ဖူလုံမည်ဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်

မိုးသီးနှံစိုက်ပျိုးမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်သည့် နိုင်ငံဖြစ်ကြောင်း၊ မိုးသီးနှံများကို ပြည့်ဝစွာစိုက်ပျိုးနိုင်ရေး မိမိအနေဖြင့်တိုက်တွန်းဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးထားသည့် စိုက်ပျိုးမြေများ၌ ရာနှုန်းပြည့် အောင်မြင်ဖြစ်ထွန်းစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းနှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီတွင် နွေစပါးထွက်ရှိမှုနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအနေဖြင့် ပျမ်းမျှ ၉၆ ဒသမ ၂၄ တင်း ထွက်ရှိခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိုးသီးနှံများ စိုက်ပျိုးရာတွင် ရာနှုန်းပြည့်အောင်မြင်ရေးနှင့် အထွက်နှုန်းများ ကောင်းမွန်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းကောင်းမှသာ ပြည်တွင်းစားသုံးမှုဖူလုံမည်ဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအားလုံးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် စီးပွားရေးရာကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် က ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုများ မွေးမြူရေးထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိမှုနှင့် ယခုထက် ပိုမိုတင်ပို့နိုင်ရေး နိုင်ငံတကာနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိမှုများနှင့် ပတ်သက်၍ လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံအလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့် စည်းကမ်း စနစ်တကျဖြစ်စေရေး တို့နှင့်ပတ်သက်၍ လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦး က စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများ ဆောင်ရွက်ရာတွင် ဥပဒေပိုင်းဆိုင်ရာနှင့် ပတ်သက်ပြီး သဘောထားမှတ်ချက်များ တောင်းခံမှုများနှင့်ပတ်သက်၍ လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားဆွေးနွေးသည်။

ထို့နောက် စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများအလိုက် ဥပဒေအကြံပေးများခန့်အပ်ထားရှိခြင်းသည် ဥပဒေပိုင်းဆိုင်ရာများတွင် မှန်မှန်ကန်ကန်နှင့် နည်းလမ်းတကျဖြစ်စေလို၍ ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေပိုင်းဆိုင်ရာ အကြံပေးချက်များကို အကျိုးရှိရှိ အသုံးပြုရန်လိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ခွင့်ပြုပေးထားသည့် ဘတ်ဂျက်ငွေများကို အကျိုးရှိရှိဖြင့် အသုံးချသွားရန်လိုကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်ငွေကြိုတင်စိစစ်ရေးကော်မတီတစ်ခုကို ဖွဲ့စည်း၍ ထိထိရောက်ရောက် စိစစ်ဆောင်ရွက်သင့်သည်ဟု မြင်ပါကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရေးအတွက် အမှန်တကယ် လုပ်ငန်းဆောင်ရွက်ရန်လိုပြီး လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းများကိုဖော်ဆောင်ပေးနိုင်မည်ဆိုပါက တိုင်းပြည်၏ GDP သည်လည်း များစွာပြောင်းလဲသွားမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပလက်ဝမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၈

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ချင်းပြည်နယ် ပလက်ဝမြို့နယ် အောက်သဲမဝကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ ဒေသခံပြည်သူ ၁၄၂ ဦးတို့ကို လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁) ရှိ ရတနာမာန်အောင်ကျောင်းတိုက်မှ သံဃာတော် ၁၁၂ ပါးနှင့် ရပ်ကွက်နေ ဒေသခံပြည်သူ ၃၄ ဦးတို့ကို လည်းကောင်း သတ်မှတ်နေရာများ၌ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့များက အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆီးချို/သွေးချိုစစ်ဆေးပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၂၁၇ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပြဋ္ဌာန်းခဲ့သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၂၁၈ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ဖြင့် ပြဋ္ဌာန်းခဲ့သော စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တောင်ကြီးမြို့ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နှင့် ဂိလာန သံဃာတော်နှင့် သီလရှင်များအား အလှူငွေများ ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ် အောက်တိုဘာ ၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ စဝ်စံထွန်း ရပ်ကွက်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဇီဝိတဒါန သံဃာ့ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံဃာ့ဆေးရုံကြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အလှူရှင်များ၊ တောင်ကြီးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့များက ညီညီညွတ်ညွတ်ဖြင့် ဆက်လက် စောင့်ရှောက်ပေးကြပါရန် တိုက်တွန်းပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က သံဃာ့ဆေးရုံကြီး၏ လိုအပ်ချက်များကို တတ်အားသရွေ့ လှူဒါန်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးညွန့်မောင်က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ နောက်ခံသမိုင်းကြောင်း၊ ဖွဲ့စည်းမှုအခြေအနေ၊ ဝန်ထမ်းအင်အားနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဇီဝိတဒါနသံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး ဒေါက်တာ ကြည်စိုးက သံဃာတော်များနှင့် သီလရှင်များကို လစဉ်အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှု၊ လူပုဂ္ဂိုလ်များအား ကုန်ကျစရိတ် သက်သာသော ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေမှု၊ ဆေးရုံကြီး၌ ခေတ်မီစက်ကိရိယာများ လိုအပ်မှုအခြေအနေများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအတွက် အလှူငွေကျပ် ၂၀၅၀၀၀၀ အား ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယကနှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးရုံတက်ရောက် ကုသနေသော သံဃာတော်များ၊ သီလရှင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး နဝကမ္မအလှူငွေများ ထောက်ပံ့လှူဒါန်းကာ ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ပေါ်ဒေသနေပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၈

နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်သည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ပေါ် ဒေသနေပြည်သူများနှင့် ယနေ့ မွန်းလွဲပိုင်းက ပျဉ်းမနားမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က တောင်ပေါ်ဒေသနေပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက် ပံ့ပိုးဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများက ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက် ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က တောင်ပေါ်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး တောင်ပေါ်ဒေသ၌ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသခံ ပြည်သူများ အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၈

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

❖ *ကျောဖုံးမှ*

ဦးစွာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၂၀၀၀) ပြည့်နှစ်ကစပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction–2023 –IDDRR) အထိမ်းအမှတ်ကျင်းပရာတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွင်ပါဝင်သည့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် ဆောင်ပုဒ်များကို နှစ်စဉ်သတ်မှတ်ခဲ့ကြောင်း။

အထူးသဖြင့် ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့တွင် အတည်ပြုခဲ့သည့် ဆန်ဒိုင်းမူဘောင် (၂၀၁၅–၂၀၃၀) ပါ ပန်းတိုင် (၇)ခုကို နှစ်အလိုက် ဆောင်ပုဒ်များအဖြစ် သတ်မှတ်ပြီး အခမ်းအနားများ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခု(၂၀၂၃) ခုနှစ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ကုလသမဂ္ဂရုံး (UNDRR)က နိုင်ငံအလိုက် ဆန်ဒိုင်းမူဘောင်ပါ ပန်းတိုင်(၇)ခုနှင့် အညွှန်းကိန်း (၃၈)ခု အပေါ် အကောင်အထည်ဖော်နိုင်မှု ကာလလယ် သုံးသပ်ချက် (Midterm Review)ကို ဆောင်ရွက်ခဲ့ပြီး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန် ၂၀၂၃ ခုနှစ်၊ မေလတွင် မူဝါဒပိုင်းဆိုင်ရာ အနှစ်ချုပ်ကို ထုတ်ပြန်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ မိမိတို့နိုင်ငံတွင် ယခုနှစ် မေလ (၁၄)ရက်နေ့တွင် အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့၊ မိမိတို့အနေဖြင့် ပင်လယ်ပြင်တွင် မုန်တိုင်းအစပျိုးဖြစ်စဉ်ကတည်းကပင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လိုအပ်သည့် စောင့်ကြည့်လေ့လာမှုများ လမ်းညွှန်ပေးခဲ့ပြီး ရေးဆွဲထားပြီးဖြစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ပါအတိုင်း လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

အဆိုပါထုတ်ပြန်ချက်အရ အနာဂတ်ကာလတွင် ဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် လူ့အဖွဲ့အစည်းဖြစ်ရန်၊ ဆင်းရဲချမ်းသာကွာဟချက်ကြီးမားမှုများ၊ ကျား–မ တန်းတူညီမျှရေးလိုအပ်မှုများ၊ ဖိနှိပ်ခွဲခြားဆက်ဆံခံရမှုနှင့် ရေရှည်ဖွံ့ဖြိုးမှုနည်းပါးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ဆောင်ရွက်နေရမှုများ၊ ကဏ္ဍစုံတွင် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး အစီအစဉ်များထည့်သွင်းရန် ပျက်ကွက်မှုများ၊ အရင်းအမြစ်မပြည့်စုံမှုများစသည့် အခြေခံအကြောင်းများကို ဖော်ထုတ်ကြရန် ဦးတည်ပြီး ယခုနှစ်ဆောင်ပုဒ်ကို “Fighting Inequality for a Resilient Future” **“ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့၊ မညီမျှမှုတွေ တိုက်ဖျက်စို့”** ဟုသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ကမ္ဘာလုံးဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာ (၂၀၂၂) အရ ပျက်စီးဆုံးရှုံးမှုများသည့် သဘာဝဘေးကြီးများသည် ၂၀၁၅ ခုနှစ်အထိ (၁)နှစ်တွင် အကြိမ်(၄၀၀)ခန့် ဖြစ်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်သို့ ရောက်ပါက (၁)နှစ်ကို အကြိမ် (၅၆၀)ခန့်အထိ တိုးလာနိုင်ကြောင်းကို ဖော်ပြထားပါကြောင်း၊ အထူးသဖြင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့်ဘေးများ ပိုမိုဖြစ်ပွားလာဖွယ်ရှိကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုများ အယ်လ်နီညို ဖြစ်စဉ်များကြောင့် ရေနှင့်ဆက်နွှယ်သည့် ဘေးအန္တရာယ်ကို ပိုမိုဖြစ်ပွားစေပါကြောင်း၊ အင်အားပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုဖြစ်စဉ်များ ပေါ်ပေါက်ခြင်းနှင့် ဆိုးရွားပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များဖြစ်ပြီး လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် ပုံမှန်ထက်ပိုမိုသည့် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေပါကြောင်း။

ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေ

ကမ္ဘာတစ်ဝန်းဘေးဖြစ်ပွားမှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးများအဖြစ်များခဲ့ကြောင်း၊ ဥရောပနိုင်ငံများတွင် ပြင်းထန်သည့် အပူလှိုင်းကြောင့် လူ (၁၆,၃၀၅)ဦး သေဆုံးခဲ့ပြီး ကမ္ဘာနှင့်အဝန်း မိုးခေါင်ရေရှားခြင်း၊ လျှော်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းစသည့် ဘေးအန္တရာယ်များကြောင့် လူပေါင်း ထောင်နှင့်ချီပြီး သေဆုံးခဲ့ရသလို ပျက်စီးဆုံးရှုံးမှုများ များခဲ့ကြောင်း၊ ယခု ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တူကီယဲနှင့် ဆီးရီးယားနယ်စပ်တွင် အင်အား ၇ ဒသမ ၈ ရစ်ချ်တာစကေးရှိသည့် ငလျင်လှုပ်ခဲ့ပြီး လူ (၅၀,၀၀၀) ကျော် သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုများကလည်း ကြီးမားလှကြောင်း၊ အလားတူ ဖိလစ်ပိုင်တွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လက တိုင်ဖွန်းမုန်တိုင်းနှင့် ရေဘေးဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါမုန်တိုင်း၏ အရှိန်သည် တရုတ်နိုင်ငံ Fujian (ဖီဂျန်း) ပြည်နယ်နှင့် ထိုင်ဝမ်တို့ကို တိုက်ခတ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေပါကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံတွင်လည်း ယခုနှစ် မေလ (၁၄)ရက်နေ့တွင် အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပင်လယ်ပြင်တွင် မုန်တိုင်းအစပျိုးဖြစ်စဉ်ကတည်းကပင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လိုအပ်သည့် စောင့်ကြည့်လေ့လာမှုများ လမ်းညွှန်ပေးခဲ့ပြီး ရေးဆွဲထားပြီးဖြစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ပါအတိုင်း လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းလမ်းကြောင်းတွင်ရှိသည့် ပြည်သူများကို ဘေးလွတ်ရာနေရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခဲ့ပြီး သတိပေးချက်များ၊ ဆောင်ရန် ရှောင်ရန် အချက်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)ကို ဖွင့်လှစ်ခဲ့ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေး၊ တုံ့ပြန်ရေး၊ သယ်ယူပို့ဆောင်ရေးများကို ဒေသခံအစိုးရအဖွဲ့၊ နယ်မြေတာဝန်ခံများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

မူလအခြေအနေကို ပြန်လည်ရောက်ရှိ

မုန်တိုင်းဝင်ရောက်သည့်အခါတွင်လည်း တုံ့ပြန်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အဆင့်လိုက်ဆောင်ရွက်နိုင်ခဲ့၍ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနှင့် နှိုင်းယှဉ်ပါက သေဆုံးမှု၊ ဆုံးရှုံးမှုများသည် အဆပေါင်းများစွာ လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း၊ တုံ့ပြန်ရေးလုပ်ငန်းများ၊ ထောက်ပံ့ကူညီမှုများ လုပ်ဆောင်သည့်အခါတွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ အကူအညီမရသူ မရှိစေရ မူဝါဒထားရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှု၊ သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်တွင်းပြည်ပနိုင်ငံများမှ စေတနာရှင်များ၏ လှူဒါန်းမှု၊ ဘေးသင့်သူများက ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့်

စာမျက်နှာ ၆ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စာမျက်နှာ ၅ မှ

အချိန်တိုတွင်းတွင် မူလအခြေအနေကို အမြန်ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အခုအခါ ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအနေအထားထက် သာလွန်ကောင်းမွန်အောင်ရည်မှန်းပြီး ဘေးဒဏ်က ကြံ့ကြံ့ခံနိုင်သည့်ဒေသဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးကျရောက်မှုများသည် ဖွံ့ဖြိုးမှုအားနည်းသည့် နိုင်ငံ၊ ဆင်းရဲမွဲနွမ်းများသည့်နိုင်ငံ၊ ဘေးကျရောက်နိုင်ခြေများသည့်နိုင်ငံ၊ ထိခိုက်လွယ်သူများဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများကို ဆိုးကျိုးပိုပြီး ခံစားရစေပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်မှုသည် ဆင်းရဲမှုကို တွန်းပို့ပေးသကဲ့သို့ ဆင်းရဲမှုကြောင့်ပင် ဘေးဒဏ်ကို နှစ်ဆပိုခံစားစေနိုင်သည်ဆိုသည့် သံသရာစက်ဝန်းကို ဖြတ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ယှဉ်တွဲနေထိုင်နေရသည့် လူမှုအသိုက်အဝန်းများသည် ဖြစ်လာနိုင်သည့်ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်ရန် ကြိုတင်ပြင်ဆင်မှုများ အားကောင်းအောင်၊ ခိုင်မာအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပညာတတ်မြောက်မှု မညီမျှခြင်း၊ နည်းပညာဆိုင်ရာကွာဟခြင်း၊ လူနေမှုအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာ ကွာဟချက်များရှိနေခြင်းကြောင့် ခွဲခြားဆက်ဆံမှုများ နည်းပါးနိုင်သမျှ နည်းပါးအောင် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် အရေးကြီးကြောင်း။

ရေရှည်တည်တံ့အောင်ဆောင်ရွက်

ဘေးဖြစ်နိုင်ခြေလျှော့ချရေးအစီအစဉ်များ ဖော်ဆောင်သည့်အခါတွင် ကျား-မ တန်းတူပါဝင်နိုင်ရေး၊ ထိခိုက်လွယ်သူများ၏ လိုအပ်ချက်နှင့် အရေးပါမှုကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရန်သည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင်ဖြစ်စေ ဘေးအန္တရာယ်ဆိုင်ရာ ရှုထောင့်ကကြည့်ပြီး ရေရှည်ခိုင်ခံ့အောင် ထည့်သွင်းဆောင်ရွက်ကြရန်လိုကြောင်း။

ရှုပ်ထွေးလှသည့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ဘေးဖြစ်ပွားနိုင်မှုအခြေအနေများ၊ ပြင်းအားများသည် ခန့်မှန်းနိုင်ရန် ခက်ခဲသည့်အတွက် ကြုံတွေ့လာခဲ့ပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်မျှော်မှန်း လုပ်ဆောင်ထားကြရန်၊ သဘာဝဘေးကျရောက်နိုင်သည့် ဒေသများ၏ လူမှုစီးပွားအခြေအနေများကို ဘေးဒဏ်ကနေ ကြံ့ကြံ့ခံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရန်၊ သဘာဝဘေးဒဏ် ကြံ့ကြံ့ခံရင်ဆိုင်နိုင်သည့် လူမှုပတ်ဝန်းကျင်ဖြစ်ရန်အတွက် တန်းတူညီမျှသည့် ဖွံ့ဖြိုးမှုရှိရန်နှင့် ဘေးဒဏ်ခံနိုင်စွမ်းမြင့်မားသည့် အခြေခံအဆောက်အအုံများဖြစ်ရန် အလေးထားဆောင်ရွက်ပေးကြရန်၊ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ပြီး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူမှုစီးပွားဘဝများကို ဖော်ဆောင်နိုင်ရေးအတွက် အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သည့် **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေ တိုက်ဖျက်ကြပါစို့"** နှင့်အညီ အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးရုံး အကြီးအကဲထံမှ ပေးပို့သည့် သဝဏ်လွှာသတင်းစကားရုပ်သံကို ပြသသည်။ ယင်းနောက်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက "မညီမျှခြင်းမှသည် ညီမျှခြင်းဆီသို့" စင်တင်ပြဇာတ်ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) မကျရောက်မီ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသူများကိုဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးသန်းဆွေ၊ ဒေါက်တာညွန့်ဖေနှင့် ဒေါက်တာစိုးဝင်းတို့က ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် "မညီမျှခြင်းမှသည် ညီမျှခြင်းဆီသို့" စင်တင်ပြဇာတ်ဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျောက်ဆည်မြို့နယ်၌ လူမှုဖူလုံရေး - ကုဋ္ဌေဒွေး အထွေထွေရောဂါကုဆေးခန်းနှင့် လူမှုဖူလုံရေး - ဘေးမခ အထွေထွေရောဂါကုဆေးခန်းများ ဖွင့်လှစ်

မန္တလေး အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စက်မှုဇုန်ရှိ လူမှုဖူလုံရေး - ကုဋ္ဌေဒွေး အထွေထွေရောဂါကု ဆေးခန်းနှင့် အောက်ချိုင့်ရပ်ကွက် စုပေါင်းရုံးရှိ လူမှုဖူလုံရေး - ဘေးမခ အထွေထွေရောဂါကု ဆေးခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးခန်းမျက်နှာစာများ၌ ကျင်းပသည်။

အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်း၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အကျုံးဝင်အလုပ်ဌာနများမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ ဘေးမခဆေးခန်းနှင့် ကုဋ္ဌေဒွေးဆေးခန်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က ဆေးခန်းများကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနအောက်ရှိဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာရန်နှင့် အလုပ်သမားများအား ဝန်ဆောင်မှုပေးရာတွင် စေတနာထား၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်း အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး (မန္တလေး) သို့ သွားရောက်ပြီး ဆေးရုံတက်လူနာများကို တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် အလုပ်သမားဆေးရုံကြီး (မန္တလေး) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဆေးရုံအုပ်ကြီးက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအာမခံ (Social Insurance) စနစ်အရ လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံးအကျုံးဝင်လာစေရေး မဟာဗျူဟာ ရည်မှန်းချက်တစ်ရပ်ချမှတ်ပြီး ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ငွေလက်ငင်းအကျိုးခံစားခွင့်များအား ခံစားရရှိနိုင်စေရန် လက်ရှိတွင် အာမခံစနစ် (၆) မျိုးအနက် (၂) မျိုးကို အကောင်အထည်ဖော်လျက် အကျိုးခံစားခွင့် (၁၅) မျိုးအား ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုလျက်ရှိပါကြောင်းနှင့် အကျုံးဝင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အလွယ်တကူ လက်လှမ်းမီ ရယူနိုင်စေရန် ပုဂ္ဂလိကနှင့်ပူးပေါင်း၍ စာချုပ်ဆေးခန်းများ ဖွင့်လှစ်ကာ ကျန်းမာရေးဝန်ဆောင်မှု ထောက်ပံ့ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် Capitation Payment စာချုပ်ဆေးခန်း ၂၆ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၂၅ ခန်း၊ Specialist OG OPD ပြသနိုင်သော ဆေးခန်း ၁၈ ခန်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ဝန်ဆောင်မှု ဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၂ ခန်း၊ Mobile Medical Unit ရွေ့လျားဆေးကုသယာဉ် နှစ်စီးတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးတွင် အကျုံးဝင် အာမခံအလုပ်သမား ၁၁၅၀၀၀ ကျော်ရှိပြီး အဆိုပါ အာမခံအလုပ်သမားများ၏ကျန်းမာရေးစောင့်ရှောက်မှုအတွက် မန္တလေးအလုပ်သမားဆေးရုံကြီး၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၁၃ ခန်း၊ ဌာနကြီးဆေးခန်း ကိုးခန်း၊ စာချုပ်ဆေးခန်း လေးခန်းတို့ဖြင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ အာမခံအလုပ်သမား လူနာ ၅၃၈၆၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး လူနာ ၉၁၈၅ ဦးအတွက် ဆေးဖိုးကုန်ကျငွေ ကျပ် ၁၃၁၃ ဒသမ ၀၇၈ သန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် စစ်တက္ကသိုလ်တို့သို့ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့အား မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ သွားရောက်လေ့လာကြပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး ဦးဆောင်သည့် တက္ကသိုလ်ပညာရပ်အဖွဲ့များနှင့်တွေ့ဆုံ၍ **(အောက်ပုံ)** တက္ကသိုလ်ရှိ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းနှင့် အဆင့်မြင့် အရာထမ်း သင်တန်းတို့တွင် သင်ခန်းစာများ ပို့ချရေး၊ တက္ကသိုလ်ရှိ သင်ကြားရေး ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချရေးနှင့် ရုရှားဘာသာစကား သင်ကြားပို့ချနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် သင်တန်းသား၊ သင်တန်းသူများ အခြေခံစစ်ရေးပြနှင့် လက်နက်ငယ် ဘာသာရပ် သင်ခန်းစာ သင်ယူလေ့ကျင့်နေမှု၊ တက္ကသိုလ်စက်ပစ်ကွင်း၌ လက်တွေ့ပစ်ခတ်လေ့ကျင့်နေမှု၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၄) နှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ် (၁၆) တို့တွင် သင်ခန်းစာများ ပို့ချနေမှုနှင့် သင်တန်းအိပ်ဆောင်အတွင်း ခင်းကျင်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်သို့သွားရောက်လေ့လာကြရာ **(အပေါ်ပုံ)** ကျောင်းအုပ်ကြီးက စစ်တက္ကသိုလ်၏ နောက်ခံသမိုင်းအကျဉ်းနှင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် စစ်တက္ကသိုလ်ပြတိုက်နှင့် ဗိုလ်လောင်းတပ်ရင်းများကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဖလမ်းမြို့နယ်အတွင်း အယ်လ်နီညိုသက်ရောက်မှုကြောင့် သောက်သုံးရေရှားပါးမှုမရှိစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၁၈

ချင်းပြည်နယ် ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်နှင့် အဖွဲ့ဝင်များသည် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ဖလမ်းမြို့နယ်အတွင်း အယ်လ်နီညို သက်ရောက်မှုကြောင့် သောက်သုံးရေရှားပါးမှုမရှိစေရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဖလမ်းမြို့တွင်းရှိ စိမ့်စမ်းရေထွက်များဖြစ်သော ဇလိုင်ရပ်ကွက်အမှတ် (၁) စိမ့်စမ်းရေထွက်နေရာနှင့် ကျင်မွာလ်ရပ်ကွက်အမှတ် (၂) စိမ့်စမ်းရေထွက်နေရာများရှိ စိမ့်စမ်းရေစနစ်တကျ သိုလှောင်ဖြန့်ဝေမှု/သုံးစွဲမှု၊ စိမ့်စမ်းရေထွက်နှုန်းကျဆင်းမှုမရှိစေရေး စိမ့်စမ်းရေဧရိယာထိန်းသိမ်းမှု အခြေအနေများကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် တာဝန်ရှိသူများသည် ကျင်မွာလ်ရပ်ကွက်နှင့် ဇလိုင်ရပ်ကွက်ရှိ စိမ့်စမ်းရေစုကန် ဂါလန် ၁၀၀၀၀ ဆံ့ နှစ်ကန်မှ အများပြည်သူသို့ နေ့စဉ်ရေဖြန့်ဝေမှု အခြေအနေများ၊ ပင်မရေပေးဖြစ်သည့် လိုင်ဗားဆည်ရေလှောင်ကန်များဖြစ်သော ဇလိုင်ရပ်ကွက်ရှိ ဂါလန် ၁၀၀၀၀ ဆံ့ နှစ်ကန်၊ ဂါလန် ၃၀၀၀၀ ဆံ့ တစ်ကန်၊ ကျင်မွာလ် ရပ်ကွက်ရှိ ဂါလန် ၁၀၀၀၀ ဆံ့ နှစ်ကန်တို့မှ နေ့စဉ်ရေဖြန့်ဝေဆောင်ရွက်မှုများ၊ ရေဖြန့်ဝေရေးစနစ်များ၊ ရေလှောင်ကန် ထိန်းသိမ်းမှုစနစ်များကို စစ်ဆေးပြီး ဖလမ်းမြို့နယ်အတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေများ ပြတ်တောက်မှုမရှိစေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲမြင့်အောင်

နေပြည်တော်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့မှုနှင့်စပ်လျဉ်း၍ တုံ့ပြန်ကာကွယ်ရေး၊ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

နေပြည်တော်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့မှုနှင့်စပ်လျဉ်း၍ တုံ့ပြန်ကာကွယ်ရေး၊ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိုးလေဝသအခြေအနေ၊ နေပြည်တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဘာဝဘေးကျရောက်ခဲ့သည့် ဒေသများသို့ ကူညီထောက်ပံ့ပေးမှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ခဲ့ရသည့် လယ်ယာစိုက်ခင်းများနှင့်စပ်လျဉ်း၍ဆောင်ရွက်မည့် လုပ်ငန်းများ၊ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှု၊ နေပြည်တော်အတွင်းရှိ ဆည်၊ တမံများ ရေဝင်ရောက်မှုနှင့် ရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဝိုင်းဝန်းပူးပေါင်းကူညီ

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက နေပြည်တော်အတွင်း သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲ၍ ဖြစ်ပေါ်လာပါက ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်စေလိုကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့မှုကြောင့် စပါးအပါအဝင် ပျက်စီးခဲ့သည့် သီးနှံများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

သတင်းစဉ်

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ (တတိယအကြိမ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** တွဲဖက်အတွင်းရေးမှူး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ အကြံပြုချက်များအား စုစည်း၍ SOP မူကြမ်း ထပ်မံရေးဆွဲပြီး ဦးစီးကော်မတီသို့ ဆက်လက်တင်ပြသွားရန် ဆောင်ရွက်ထားရှိမှုတို့ကိုတင်ပြသည်။

ယနေ့ ကျင်းပသည့် ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီ၏ (တတိယအကြိမ်) အစည်းအဝေး၌ **လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure –SOP)** မူကြမ်းတွင် ခွင့်ပြုသင့်သည့် ကိစ္စရပ်များ၊ ခွင့်မပြုသင့်သော ကိစ္စရပ်များနှင့် နောင်တွင် ဥပဒေမဲ့ကိစ္စရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ဥပဒေ ကျူးလွန်ဖောက်ဖျက်သူများကို ထိရောက်စွာ အရေးယူရမည့် အပိုင်းများကို ထည့်သွင်း ရေးဆွဲထားရှိကြောင်း သိရသည်။

သတင်းစဉ်

တာချီလိတ်မြို့နယ်တွင် ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်နေ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြား

နေပြည်တော် အောက်တိုဘာ ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့သို့ ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန (၄) ခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အောင်မြင်အောင် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့နယ်တွင် ခေတ်မီစံပြကျေးရွာ (Smart Village) အကောင်အထည်ဖော် ဆောင်ရွက်နေသော တာကြန့်ကျေးရွာသို့ ရောက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ခေတ်မီစံပြစီမံကိန်းကို ကဏ္ဍ (၆) ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အချိန်မီပြီးစီးရေးနှင့် ကျေးရွာနေ တောင်သူများ၏ လယ်ဧက ၁၂၀ တွင် အထွက်တိုးစပါးမျိုးများ စိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီသော ဝါးလက်မှုလုပ်ငန်း နည်းပညာများကို ပိုမိုသင်ကြားပေးရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အသေးစားစက်မှုလက်မှုဦးစီးဌာန၏ အသေးစား ကုန်ထုတ်လုပ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေ တိုးပွားရေးစီမံကိန်းအရ တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာ၌ ဖွင့်လှစ်သင်ကြားပေးခဲ့သော အခြေခံစက်ချုပ်သင်တန်းမှ ထူးချွန်သူ ငါးဦးအား အပ်ချုပ်စက်၊ ခါးစက်၊ဘီတင်စက်၊ ကြယ်သီးထုတ်စက် အပါအဝင် ပစ္စည်း ခုနစ်မျိုးကို လည်းကောင်း၊ တောင်သုံးလုံးကျေးရွာ ဆိုင်ကယ်ပြင် သင်တန်းမှ ထူးချွန်သူ ငါးဦးအား Air Compressor ၊ ဖိအားမြှင့် ရေဖျန်းစက်၊ ဘက်ထရီအားသွင်းစက်၊ လက်ကိုင်ဖောက်စက် အပါအဝင် ပစ္စည်းခုနစ်မျိုးကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ခေတ်မီစံပြကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း (၁/၀) မိုင် ဖောက်လုပ်နေမှု၊ ကျေးရွာစာကြည့်တိုက်တွင် လူထုအသိပညာပေး လုပ်ငန်းများအတွက် Wifi တပ်ဆင်နေမှုနှင့် အိမ်တိုင်ရာရောက် ရေပေးဝေနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မိုင်းဖြတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အိုက်လုံ–အိုက်မူ ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၁/၀) မိုင် ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မင်းလှမြို့၌ ဆောင်းသီးနှံစိုက်တောင်သူများအား မျိုးစေ့များ ထောက်ပံ့

မင်းလှ အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်၌ ၂၀၂၃–၂၀၂၄ ခုနှစ်၊ နိုင်ငံစီးပွားမြှင့်တင်ရေး စီမံကိန်းဖြင့် ဆောင်းသီးနှံ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးအတွက် ဆောင်းသီးနှံစိုက်တောင်သူများအား မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

မင်းလှမြို့နယ်အတွင်း ယခုနှစ် ဆောင်းရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ ၁၀၈၉ ဧက၊ နှမ်း ၅၅၆ ဧကနှင့် နေကြာ ၉၃၅ ဧကတို့ကို စိုက်ပျိုးရန်လျာထား ဆောင်ရွက်သွားမည် ဖြစ်ပြီး မတ်ပဲ ဧက ၈၄၁၀၀ နှင့် ပဲတီစိမ်း ၂၁၈၉ ဧကတို့ကို စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သီးနှံများပန်းတိုင်အထွက်တိုးရရှိစေရေး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ တောင်သူများလက်ဝယ် ရောက်ရှိရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးထွန်းထွန်းအောင်တို့က တောင်သူများအား မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ကရင်ပြည်နယ်အတွင်း ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ သဘာဝဘေး ၂၁ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ လေးဦးရှိ

ဘားအံ အောက်တိုဘာ ၁၈

ကရင်ပြည်နယ်အတွင်း သဘာဝဘေးဖြစ်ပွားမှုများ အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ်အတွင်း မီးဘေး (၅)ကြိမ်၊ လေပြင်းဘေး (၆)ကြိမ်၊ မိုးကြိုးဘေး (၃)ကြိမ်၊ မြေပြိုဘေး(၁)ကြိမ်၊ ကမ်းပြိုဘေး (၆)ကြိမ် ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၄၃၂ ဦး ဘေးသင့်ခဲ့ကာ လေးဦး သေဆုံးခဲ့ကြောင်း အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားမှ သိရသည်။

"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေ တိုက်ဖျက်စို့"ဆောင်ပုဒ်ဖြင့် အဆိုပါအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ၂၀၂၃ ခုနှစ် ဇူလိုင်လနှင့်သြဂုတ်လများတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံမှုကြောင့် သံတောင်ကြီးမြို့နယ်မှအပ ကျန်မြို့နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၂၉၉၀၊ လူဦးရေ ၁၃၅၀၇ ဦးအား ကယ်ဆယ်ရေးစခန်းပေါင်း ၄၇ ခု ဖွင့်လှစ်၍ ယာယီရွှေ့ပြောင်း နေရာချထားပေးခဲ့ကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း၊ ဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းမဟုတ်ဘဲ ဘက်စုံ၊ ကဏ္ဍစုံဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားအတွက် ကုလသမဂ္ဂ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဌာနအကြီးအကဲမှ ပေးပို့သော သဝဏ်လွှာသတင်းစကားရုပ်သံဗီဒီယို၊ မညီမျှခြင်းမှသည် ညီမျှခြင်းဆီသို့ စင်တင်ပြဇာတ် ရုပ်သံဗီဒီယို၊ မိုခါမုန်တိုင်း တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းတင် ဗီဒီယိုတို့ကိုပြသပြီး အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့တို့မှ ခင်းကျင်းပြသထားသော ထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံများ၊ ဆုရစာစီစာကုံးလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

စောမျိုးမင်းသိန်း(ပြန်/ဆက်)

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

လွိုင်ကော် အောက်တိုဘာ ၁၈

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း၌ ပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု အောက်တိုဘာလအတွင်း လွိုင်ကော်မြို့ရှိ ဘီလူးချောင်းရေ မြင့်တက်လာခဲ့ပြီး လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် ရေဝင်ရောက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို တိတိကျကျလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ အနာဂတ်တွင် ကြုံတွေ့နိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို တုံ့ပြန်နိုင်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စနစ်တကျ ကြိုတင်ပြင်ဆင်ထားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ သတင်းစကားရုပ်သံ video message နှင့် IDDRR အထိမ်းအမှတ် ဓာတ်လမ်းဗီဒီယိုများ ပြသပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကား ပြောကြားပြီး ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ကိုဇင်(လွိုင်ကော်)

ရွှေတောင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့များထောက်ပံ့ပေးအပ်

ရွှေတောင် အောက်တိုဘာ ၁၈

ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာ စိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့များထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (မြို့နယ်စိုက်/ကြပ်ကော်မတီဥက္ကဋ္ဌ) ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် AGl.Co.LTD တာဝန်ရှိများက ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများအား အထွက်ကောင်းမျိုးများဖြစ်သည့် ဗီယက်နမ်မြေပဲမျိုး၊ TBL-9 မတ်ပဲမျိုး၊ ဆင်းရွှေကြာ-၂ နေကြာမျိုးနှင့် ရေဆင်း-၁၆ပဲတီစိမ်းမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးမည့်အစီအစဉ်နှင့် စိုက်နည်းစနစ်၊ သွင်းအားစုများ ဖြန့်ဖြူးထောက်ပံ့မည့်အစီအစဉ်တို့ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ် စိုက်/ကြပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တောင်သူကိုယ်စားလှယ်များအား သီးနှံမျိုးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ကိုကိုမင်း(ပြန်/ဆက်)

သင့်တင့်မျှတသည့်ဈေးနှုန်းများဖြင့် စပါးနှင့်ဆန်များကို ရောင်းဝယ်မှုပြုရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ အလုပ်အမှုဆောင် ကော်မတီ၊ အသင်းဝင်ကုမ္ပဏီများ၏ ပူးတွဲလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါပူးတွဲ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေ အတွင်းရေးမှူးတို့က ပြည်တွင်းပြည်ပ ဆန်ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေများ၊ သိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် သိုလှောင်ရုံအာမခံစနစ်ဖြင့် ချေးငွေထုတ်ချေးမည့် အစီအစဉ်များ၊ ဆန်စပါးအထူးပြုကုမ္ပဏီများနှင့် နယ်ဒေသရှိ MSME များ ပူးပေါင်းဆောင်ရွက်မည့် စပါးဝယ်ယူရေးအတွက် ကာလတိုငွေကြေး ထောက်ပံ့မည့် အစီအစဉ်များ၊ ၁၀ ဧကအထက် ပိုင်ဆိုင်သည့် တောင်သူ လယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် သီးနှံစိုက်ပျိုးရာသီတွင် ချေးငွေအပြည့်အဝ ထုတ်ချေးပေးနိုင်ရေးကိစ္စ၊ ပြည်တွင်း ဆန်စပါး ရောင်းဝယ်မှုအပေါ် ဒေသအလိုက် စီးဝင်စီးထွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ပို့ကုန်အခြေပြု အရန်ဆန်ထားရှိရေး အစီအစဉ်၊ Export ဝင်ငွေများ ပြန်လည်ဝင်ရောက်ရန်အတွက် အလေးထား ဆောင်ရွက်ရန်ကိစ္စ၊ သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့် စပါးနှင့် ဆန်များကို ရောင်းဝယ်မှုပြုရေး ကိစ္စများ၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) ရေကြီးနစ်မြုပ်မှုများအပေါ် အသင်းချုပ်၊ ညီနောင်အသင်းများနှင့် ကုမ္ပဏီများက ကယ်ဆယ်ရေးအတွက် အလှူငွေ ကျပ်သိန်း ၄၀၀ လှူဒါန်းပြီးစီးမှု၊ ပြန်လည် ထူထောင်ရေးအတွက် တောင်သူများကို ကူညီရန် ရန်ပုံငွေ ကျပ်သိန်း ၅၀၀ ခန့်နှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မည့်အစီအစဉ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသည့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက အကြံပြုခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းတင်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

CN-033

နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၁၈ – မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ

Double standard မူနှင့် အင်အားကြီးသူတို့၏ ပဋိညာဉ်

မြင့်မြတ်

ယူကရိန်းစစ်တန်းလန်းမှာ အစ္စရေးစစ်က ဖြစ်ရပြန်ပြီ။ ကမ္ဘာကြီးအနေနဲ့တော့ သင်ခန်းစာတွေရပြီးရင်း ရနေဆဲပါပဲ။ ဟားမတ်စ်တွေ အစ္စရေးကို စတိုက်ပြီး တစ်ရက်၊ နှစ်ရက်အတွင်း ကမ္ဘာ့စာမျက်နှာတွေကနေ အပယ်ခံဘဝရောက်နိုင်တဲ့ ဇာလန်စကီးနဲ့ အနောက်အုပ်စုဆီက အထောက်အပံ့ကို မှီခိုလို့မရနိုင်တော့တဲ့ ယူကရိန်းသင်ခန်းစာ၊ အကြမ်းဖက်စကားလုံးကို မလိုတစ်မျိုး၊ လိုတစ်မျိုးသုံးနေတဲ့ Double standard နဲ့ စံနှစ်မျိုးထားတဲ့ အမေရိကန်နဲ့အီးယူ၊ အချိန်ကိုက် တစ်ပြိုင်တည်း မထင်မှတ်ထားတဲ့အချိန်မှာ မထင်မှတ်ထားတဲ့ နည်းဗျူဟာနဲ့ ဟားမတ်စ်တို့ အစ္စရေးကို ဝင်တိုက်သွားပုံတွေဟာ အလားတူဖြစ်စဉ်မျိုး ခံစားခဲ့ရဖူးတဲ့ ကျွန်တော်တို့နိုင်ငံအတွက်တော့ ထပ်တူနီးပါး သတိရစရာ သင်ခန်းစာတစ်ခုအဖြစ် ထပ်တိုးရောက်ရှိလာခဲ့ပါတယ်။

> ❂ အမေရိကန်အနေနဲ့ ကမ္ဘာကြီးအတွက် တာဝန်ယူ၊ တာဝန်ခံမှု လုံးဝမရှိတဲ့အပြင် ယူကရိန်းမှာ အလုပ်မဖြစ်တဲ့မူဝါဒအမှားကို ပြန်အဖတ်ဆယ်ဖို့နဲ့ ၂၀၂၄ မှာ အခြေမလှနိုင်တဲ့ အထွေထွေရွေးကောက်ပွဲမှာ အမေရိကန် ဂျူးတွေရဲ့ မဲတွေရဖို့ ကိုယ့်အတ္တနဲ့ကိုယ် မြေထဲပင်လယ်ထဲထိခြေဆန့်လာတဲ့ တွက်ကိန်းဟာ ဘိုင်ဒင့်အတွက်တော့ အလောင်းအစားတစ်ခုလို ဖြစ်တဲ့အပြင် အစ္စရေးနဲ့ကမ္ဘာကြီးအတွက်လည်း မကောင်းတဲ့နိမိတ်တစ်ခုအလား တချို့သုံးသပ်နေကြပုံတွေလည်း ရှိနေပါတယ်။ ကျဆင်းနေတဲ့ နိုင်ငံရေးကပ်၊ စီးပွားရေးကပ်တွေဆိုက်ပြီး ပြည်တွင်းပြည်ပသြဇာကို ပြန်ရဖို့နဲ့ အင်အားကြီးပုံစံ ပြန်ထူထောင်ဖို့ အမေရိကန်ရဲ့ နောက်ဆုံးထွက်ပေါက်အနေနဲ့ ဂါဇာစစ်ကိုအသုံးချ၊ လိုအပ်ရင် ကမ္ဘာကြီးကို တတိယကမ္ဘာစစ်အထိ ဆွဲခေါ်မယ်ဆို ခေါ်သွားမယ့်အကြံမျိုးအထိ ရှိနိုင်ပါတယ်

နောင်မျိုးဆက် အဆက်ဆက်တိုင်ကျန်နေမယ့် နာကြည်းမုန်းတီးအခြေခံတဲ့စစ်

ယနေ့စစ်ပွဲတွေကိုကြည့်ရင် ဥပဒေဆိုတာ မရှိတော့သလောက်ပါပဲ။ ဥပဒေမလိုက်နာဘဲ စစ်ကိုဆင်နွှဲသူတွေဟာ အရိုင်းအစိုင်းနဲ့မခြားပါဘူး။ အစ္စရေး- ပါလက်စတိုင်းပဋိပက္ခ၊ အစ္စရေး-ဟားမတ်စ်၊ အစ္စရေး- ဟဇ်ဘိုလာတိုက်ပွဲတွေဆိုတာ အရှေ့အလယ်ပိုင်းမှာ နှစ်ပေါင်းများစွာ တောက်လျှောက်ဖြစ်နေခဲ့တဲ့ ပြဿနာတွေဖြစ်ပြီး ယခုတစ်ကြိမ် ဂါဇာအစ္စရေးစစ်လောက် လူမဆန်ရက်စက်မှုမျိုးတွေ မရှိခဲ့ပါဖူး။ အပြစ်မဲ့အရပ်သား၊ လူအို၊ မွေးကင်းစနဲ့ အမျိုးသမီးမချန် လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ကြတယ်။ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ နောက်ဆုံးစစ်ရှောင်ဒုက္ခသည် ယာဉ်တန်းပါမချန် ဒီလိုရက်ရက်စက်စက် သတ်ဖြတ်ပုံတွေဟာ သွေးရိုးသားရိုးကော ဟုတ်ရဲ့လား၊ ဘယ်သူဘယ်အဖွဲ့အစည်းရဲ့ဘယ်လို ပယောဂတွေ ပါနေသလဲစသဖြင့် အတိတ်က ရှိခဲ့ဖူးတဲ့ဖြစ်စဉ်တွေအရ စဉ်းစားစရာလည်း ဖြစ်ပါတယ်။

ကမ္ဘာက ပိတ်ပင်ထားတဲ့ ၈၁၅ ဒီဂရီစင်တီဂရိတ်အထိ ပြင်းအားရှိတဲ့ white phosphorus ဓာတုဗုံးဆန်တွေသုံးပြီးတောင် တိုက်ခိုက်တယ်လို့ သိရပါတယ်။ ပါလက်စတိုင်းနဲ့ ဟားမတ်စ်တွေနေတဲ့ ဂါဇာကို ရေ၊ မီး၊ ရိက္ခာစုံ ဖြတ်တောက်ထားတယ်၊ အဆမတန်သာလွန်လက်နက်ကိုင်ထားပြီး ယဉ်ကျေးပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းရဲ့ခေါင်းဆောင်လုပ်သူကိုယ်တိုင်က ဒီစစ်ကို နောင်သားစဉ်မြေးဆက်တွေ ပြန်ပြောင်းသတိရနေအောင်ကို အပြတ်အသတ်တိုက်သွားမယ်လို့ တာဝန်မဲ့ကမ္ဘာသိကြေညာပုံက ရင်ထဲကနာကြည်းမှုနဲ့ အမုန်းမျိုးစေ့ကို နောင်မျိုးဆက်အထိ ကြဲချပျိုးပေးခဲ့မယ်ဆိုတဲ့ အသိတရားမရှိတော့တဲ့ ပုံပါပဲ။

ဒီကမ္ဘာကြီးမှာ မုန်းတီးစိတ်အခြေခံ အာဃာတတွေချုပ်ငြိမ်းအောင် မလုပ်နိုင်သရွေ့ အတောမသတ်တဲ့အကြမ်းဖက်မှုတွေ ဆက်တိုက်မြင်ရဦးမှာဖြစ်ပြီး ဒီတစ်ခါ အစ္စရေး-ဟားမတ်စ် စစ်နောက်ဆက်တွဲက နိုင်ငံတကာအဆင့်အကြမ်းဖက်မှုများအထိ ကူးစက်ပျံ့နှံ့မယ့်အဆင့်ရောက်နေပါပြီ။ ရုရှားက ယူကရိန်းမှာ ဆင်နွှဲနေတဲ့စစ်က အထူးစစ်ဆင်ရေး အမည်ခံကန့်သတ်စစ်ပါ။ ယခု အစ္စရေးတွေလုပ်နေတဲ့စစ်က အကန့်အသတ်မဲ့စစ်အထိ ဖြစ်သွားနိုင်တယ်လို့ သုံးသပ်နေကြပါတယ်။

လေးကြိမ်အထိ စစ်ကြေညာပြီးတိုက်ခဲ့ကြတဲ့ အာရပ်-အစ္စရေးစစ်ပွဲတွေဟာ ဂျူးနဲ့ပါလက်စတိုင်းလူမျိုးတွေအကြား ရာစုနှစ်နဲ့ချီ ကြာမြင့်နေပြီဖြစ်တဲ့ နယ်မြေ ပဋိပက္ခပိုင်ဆိုင်ခွင့်နဲ့ပတ်သက်ပြီး တိုက်ခိုက်ခဲ့ကြတဲ့ ကန့်သတ်စစ်ပွဲတွေသာဖြစ်ပါတယ်။ ယခု ဟားမတ်စ် – အစ္စရေးစစ်ကတော့ ကမ်းမမြင်၊ လမ်းမမြင် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးအကျိုးစီးပွားများအထိ ကျယ်ပြန့်သွားနိုင်သလို ငြိမ်းချမ်းအောင်မလုပ်ဘဲ စစ်မီးအပူကို ထပ်ကာထပ်ကာရှို့တဲ့ လောင်စာတွေကြောင့်လည်း ကမ္ဘာကြီးမှာ အမှောင်ထုကြီး ကြီးစိုးလာနိုင်ပါတယ်။ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်ကိုအသုံးချပြီး အရပ်သားတွေ ဒုက္ခရောက်အောင်မလုပ်ဖို့ နှစ်ဖက်စလုံးကို သတိပေးသင့်တာကို ပေးနေတဲ့ ရုရှားနိုင်ငံနဲ့ တရုတ်ကလွဲပြီး သမာသမတ်ကျတဲ့ ငြိမ်းချမ်းရေးစကားသံမျိုး ဘယ်နိုင်ငံဆီကမှ ယခုအချိန်အထိ အသေအချာ မကြားမိသေးပါဘူး။ နောက်ပိုင်းမှာတော့ အစ္စရေးအနေနဲ့ ဂါဇာကို ကျူးကျော်မိရင် မဟာအမှားကြီးတစ်ခု ကျူးလွန်တာပဲဆိုတဲ့ ရှေ့နောက်မညီတဲ့ သမ္မတ ဂျိုးဘိုင်ဒင်ရဲ့ စကားဟာလည်း သတိထားစရာ ဖြစ်ပါတယ်။

အသုံးချခံစစ်တစ်ခုပဲလား

ဒီနေ့စစ်ဟာ ဂါဇာကနေ အာရပ်ကမ္ဘာအထိ၊ နောက်ထပ် တစ်ကမ္ဘာလုံးအတိုင်းအတာအထိ ကျယ်ပြန့်သွားမယ့် အလားအလာများစွာ တွေ့နေရပါတယ်။ UN ဝန်ထမ်းတွေ၊ စစ်ရှောင်ဒုက္ခသည်တွေ သေကျေတဲ့အထိ တိုက်နေတဲ့မြင်ကွင်းကို ရပ်တန့်အောင် လုပ်နိုင်တဲ့အခွင့်အရေး အမေရိကန်မှာ ရှိနေရက်သားနဲ့ မလုပ်တဲ့အပြင် စစ်ကိုကျယ်ပြန့်အောင် လှမ်းနေတဲ့ အခင်းအကျင်းကိုက ကမ္ဘာ့သူကမ္ဘာ့သားတွေကို မထီမဲ့မြင်ပြုနေသလိုပါပဲ။

အမေရိကန်အနေနဲ့ ကမ္ဘာကြီးအတွက် တာဝန်ယူ၊ တာဝန်ခံမှုလုံးဝမရှိတဲ့အပြင် ယူကရိန်းမှာ အလုပ်မဖြစ်တဲ့မူဝါဒအမှားကို ပြန်အဖတ်ဆယ်ဖို့နဲ့ ၂၀၂၄ မှာ အခြေမလှနိုင်တဲ့ အထွေထွေရွေးကောက်ပွဲမှာ အမေရိကန်ဂျူးတွေရဲ့ မဲတွေရဖို့ ကိုယ့်အတ္တနဲ့ကိုယ် မြေထဲပင်လယ်ထဲအထိခြေဆန့်လာတဲ့ တွက်ကိန်းဟာ ဘိုင်ဒင့်အတွက်တော့ အလောင်းအစားတစ်ခုလိုဖြစ်တဲ့အပြင် အစ္စရေးနဲ့ကမ္ဘာကြီးအတွက်လည်း မကောင်းတဲ့နိမိတ်တစ်ခုအလား တချို့သုံးသပ်နေကြပုံတွေလည်း ရှိနေပါတယ်။ ကျဆင်းနေတဲ့ နိုင်ငံရေးကပ်၊ စီးပွားရေးကပ်တွေဆိုက်ပြီး ပြည်တွင်းပြည်ပသြဇာကို ပြန်ရဖို့နဲ့ အင်အားကြီးပုံစံ ပြန်ထူထောင်ဖို့ အမေရိကန်ရဲ့ နောက်ဆုံးထွက်ပေါက်အနေနဲ့ ဂါဇာစစ်ကိုအသုံးချ၊ လိုအပ်ရင် ကမ္ဘာကြီးကို တတိယကမ္ဘာစစ်အထိ ဆွဲခေါ်မယ်ဆို ခေါ်သွားမယ့်အကြံမျိုးအထိ ရှိနိုင်ပါတယ်။

အနည်းဆုံးတော့ တွေဝေနေမယ့် အာရပ်ကမ္ဘာကို မညီညွတ်အောင် ဖြိုခွဲလို့ရနိုင်တာပေါ့။ အတိတ်ကို ပြန်ကြည့်ရင် တောင်-မြောက်ကိုရီးယား ကိုရီးယားအချင်းချင်း၊ ထိုင်ဝမ်-တရုတ် တရုတ်အချင်းချင်း၊ ရုရှား -ယူကရိန်း ညီအစ်ကိုအချင်းချင်း၊ ဗမာ-တိုင်းရင်းသားမြန်မာအချင်းချင်း၊ အာဖရိကသားအချင်းချင်း အချိန်ကုန် ပြုတ်ပြုတ်ပြုန်းသည်အထိ တိုက်ခိုင်းထားတာ။ ယခုလည်း အာရပ်အချင်းချင်း တိုက်ကြခိုက်ကြတဲ့အထိ ခဲတစ်လုံးထဲနဲ့ ငှက်ငါးကောင်အထိ တစ်ပြိုင်တည်းပစ်နိုင်တဲ့ ခေတ်သစ်ကိုလိုနီများရဲ့ အကျင့်ဆိုးကို မြင်နိုင်ရပါမယ်။

လူ့အခွင့်အရေးကို ဘယ်ပေတံနဲ့တိုင်းနေသလဲ

လိုတစ်မျိုး မလိုတစ်မျိုး Double standard စံနှစ်မျိုးကျင့်သုံးမှုကို ဆက်ပြီးကြည့်ရအောင်ပါ။ အမေရိကန်ကော၊ UN ကော အနောက်အုပ်စုပါ ကမ္ဘာကြီးအပေါ် စံနှစ်မျိုးမူဝါဒကျင့်သုံးနေတာကြာပါပြီ။ တစ်နေရာမှာ သူရဲကောင်း၊ တစ်နေရာမှာ အကြမ်းဖက်ပေါ့။ ကိုယ်မလိုလားသူဆိုရင် died၊ ကိုယ့်ဘက်ကဆိုရင် killed ပေါ့၊ ပစ်မှတ်တစ်ခု၊ နှစ်ခုလောက်ကို ဗုံးတစ်လုံးနှစ်လုံးလောက်ချမိရင်ကို ဆတ်ဆတ်ထိမခံ တောင်အော် မြောက်အော် အော်သူတွေက ယခုစစ်ပွဲမှာ ဗုံးခြောက်ထောင်လောက်ကို ပစ်မှတ် ၃၅၀၀ ပေါ်ကို ပျော်ပျော်ကြီး ကြဲချလို့ ကလေးငယ် ၇၀၀ လောက်အထိ သေခဲ့ရတဲ့ အဖြစ်ဆိုးမှာ လုံးဝအသံမထွက်သလိုပါပဲ။

မြန်မာနိုင်ငံအနောက်ဘက် ရဲစခန်း ၃၀ ကို အာဆာတွေဝင်တိုက်လို့ မြန်မာ့တပ်မတော်က ပြန်တိုက်ထုတ်တုန်းက အသံမထွက်ခဲ့တဲ့ အမေရိကန် ယခုဟားမတ်စ်တွေ အစ္စရေးနေရာ ၂၂ နေရာလောက်တိုက်တာကို အသံဆူညံအောင်ထွက်နေတာက အံ့သြစရာပါ။ ဒါ့အပြင် တပ်မတော်က ပြန်တိုက်လို့ ဘင်္ဂါလီတစ်သိန်းခန့် တစ်ဖက်နိုင်ငံထဲ ပြေးဝင်ကြတဲ့အပေါ် မြန်မာကိုစွပ်စွဲခဲ့တဲ့ အမေရိကန်က ယခု ဂါဇာကနေ ပါလက်စတိုင်း ၁ ဒသမ ၁ သန်းကို နှင်ထုတ်တာကိုတော့ မသိချင်ယောင်ဆောင်နေပြန်တယ်။ UN လည်း လစာထုတ်ကောင်းရုံ အသံမှုန်းမှုန်းပဲ ထွက်နိုင်တော့တယ်။

ဂျီနိုဆိုက်နဲ့ မတရားစွပ်စွဲပြီး ICJ ကို တရားစွဲတင်တတ်တဲ့ ဂမ်ဘီယာနဲ့အပေါင်းပါတွေ ယခုလို ဂါဇာလူမျိုးတုံးစစ်ပွဲမှာကော စစ်ရာဇဝတ်မှုကျူးလွန်သူတွေကို ICJ ဆီ ပို့နိုင်မလား၊ မထင်မိပါ။ တစ်ဖက်စောင်းနင်းကမ္ဘာကြီးမှာ ဒီလိုစံနှုန်းနှစ်မျိုး မူဝါဒသမားတွေကြောင့်ပဲ ကမ္ဘာကြီးမတည်မငြိမ် ဖြစ်နေရတာပါ။ စစ်ပွဲမှာ အရပ်သားသေကျေထိခိုက်မှုနည်းနိုင်သမျှနည်းအောင်လုပ်ဖို့ တိုက်တွန်းနေတဲ့ အမေရိကန်ဟာ တစ်ဖက်မှာတော့ အစ္စရေးကို စစ်လက်နက်တွေ ထောက်ပံ့နေပြန်တယ်။ ရေ၊ မီး၊ ရိက္ခာ အစုံဖြတ်တောက်တာ လူ့အခွင့်အရေးနဲ့ဆိုင်သလို၂၄ နာရီအတွင်း ဘယ်လိုမှမဖြစ်နိုင်တဲ့ ဆေးရုံလူနာတွေကော၊ ၁ ဒသမ ၁ သန်းခန့်ရှိတဲ့ အရပ်သားတွေကော ဂါဇာကနေ အတင်းအကျပ်နှင်ထုတ်ခံရတာကော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခွင့်အရေးနဲ့ဆိုင်ပါတယ်။ လူ့အခွင့်အရေးကို အကဲဆတ်အထိမခံတဲ့ လစ်ဘရယ်တွေအနေနဲ့ စံတစ်မျိုးတည်းနဲ့ ဖြေရှင်းလို့မရနိုင်ဘူးလား၊ ရကိုရနိုင်ရပါမယ်။

တစ်ပြေးညီမရှိတဲ့စံနှစ်မျိုးမူဝါဒအောက်မှာ

နောက်ပြီး ယခင်ကတည်းကချမှတ်ထားတဲ့ အမေရိကန်ရဲ့အရှေ့အလယ်ပိုင်းမူဝါဒဟာ သဲသဲကွဲကွဲမရှိခဲ့ပါဘူး။ ပါလက်စတိုင်းတွေထက် သူ့မဟာမိတ် အစ္စရေးအပေါ် သာသာထိုးထိုး ဘက်လိုက်ခဲ့တာ တွေ့ရပါတယ်။

အမေရိကန်ရဲ့မူဝါဒတိုင်းမှာ ကမ္ဘာကြီးရဲ့ ဘယ်နေရာမှာမှ ငြိမ်းချမ်းရေးအတွက် မျှတတဲ့ အဖြေဆိုတာ မရှိခဲ့မကြားခဲ့ဖူးပါ။ ယခုလည်း သူ့ရဲ့ တစ်ဖက်စောင်းနင်းမူဝါဒကြောင့် စစ်ဖြစ်ခဲ့ပြီး အပြစ်မဲ့အရပ်သားတွေများစွာ သေကျေပျက်စီးခဲ့ရပါပြီ။

စာမျက်နှာ ၁၁ သို့

ရန်ကုန် – ဂါယာ – ရန်ကုန် လေယာဉ်ခရီးစဉ် ပြန်လည်စတင်ပြေးဆွဲ

နေပြည်တော် အောက်တိုဘာ ၁၈
မြန်မာအမျိုးသားလေကြောင်း၏ ရန်ကုန် – ဂါယာ – ရန်ကုန် စင်းလုံးငှား လေယာဉ်ခရီးစဉ်ကို ယနေ့တွင် ပြန်လည်စတင်ပြေးဆွဲခဲ့သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် မြန်မာနိုင်ငံစံတော်ချိန် ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ခရီးသည် ၁၅၉ ဦး ပါဝင်သော Boeing 737–800 NG လေယာဉ်၊ ခရီးစဉ်အမှတ် UB – 7001 နှင့် ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အိန္ဒိယနိုင်ငံ ဂါယာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

ရန်ကုန် – ဂါယာ – ရန်ကုန် ခရီးစဉ်အား လာမည့် ပွင့်လင်းရာသီတစ်လျှောက် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသည်များအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူရန်အတွက် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော Sole Charterer Interconnection Travels သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

လက်ပံတန်း၌ ပန်းခင်း(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

လက်ပံတန်း အောက်တိုဘာ ၁၈
လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်း(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးကျော်စိုးမိုးက ပန်းခင်းစီမံချက်ရည်ရွယ်ချက်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူများ လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားကာ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အထက(၁) သို့ ကတ် ၂၄၀၊ အထက(သာရဝေါ) သို့ ၃၃၅ ကတ် ပေးအပ်ရာ ကျောင်းတာဝန်ခံများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

စာမျက်နှာ ၁၀ မှ

ကမ္ဘာကြီးရဲ့ ခေါင်းဆောင်ပီသချင်ရင် မြှောက်ထိုးပင့်ကော် လူမိုက်စကားထက် ငြိမ်းချမ်းရေးစကားပဲ ပြောသင့်ပါတယ်။ ငြိမ်းချမ်းရေးစကားများနဲ့ နှစ်ဖက်စလုံးကို ဖျောင်းဖျနိုင်စွမ်းရှိသင့်ပေမယ့် မြေထဲပင်လယ်ထဲ အကောင်းဆုံးလေယာဉ်တင်သင်္ဘောများ ချက်ချင်းစေလွှတ်ပြီး စစ်အင်အားပြခြင်း၊ နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန် အစ္စရေးရောက်တော့လည်း သူဟာ ဂျူးတစ်ယောက်အနေနဲ့ လာခဲ့တာပါဆိုပြီး ရန်ဘက်နှစ်ဖက်စလုံးအပေါ် မျှတတဲ့စကားမဆို အပြစ်မဲ့အရပ်သား သေကျေမှုတွေကို သူတို့နဲ့မဆိုင်သယောင်၊ သူ့မဟာမိတ်ဘက်မှာသာ အခိုင်အမာရှိနေကြောင်း ကမ္ဘာကို ပြသခဲ့ခြင်းများဟာ လုံးဝမလုပ်အပ်တဲ့ မီးလောင်ရာလေပင့်ခြင်းများပဲ ဖြစ်ပါတယ်။

သူမလိုလားတဲ့နိုင်ငံ တစ်နိုင်ငံဆိုရင် တစ်ကမ္ဘာလုံးနီးပါး ရှုတ်ချပိတ်ဆို့အရေးယူအောင် လုပ်ခဲ့ပြီး သူတို့လူဖြစ်ရင်တော့ အလိုတူ၊ အလိုပါ ဘာလုပ်လုပ်တရားနေပြန်ရော၊ ဒါကိုပဲ တစ်ပြေးညီမရှိတဲ့စံနှစ်မျိုးမူဝါဒလို့ ခေါ်တာပါ၊ ဒီလိုကျင့်သုံးမှုမျိုးရှိနေသရွေ့ ကမ္ဘာကြီးဟာ ကပ်ဘေးသင့်နေဦးမှာပဲ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် နာတာရှည်ရောဂါလို ပြဿနာမျိုးတွေမှာ စံတစ်မျိုးတည်းအောက်မှာပဲ နှစ်ဖက်လုံး မျှမျှတတနဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ အပြန်အလှန်အသိအမှတ်ပြု အဖြေရှာကြမှသာ တရားမျှတတဲ့အဖြေကို ရနိုင်မယ်ဆိုတာတော့ ယနေ့ပါလက်စတိုင်းပြဿနာက ပြသနေပါတယ်။

မိမိအင်အားအစစ်အမှန်နဲ့အတူ လုံခြုံရေးတပ်လှန့်သတိပေးချက်များ

အရေးကြုံတော့ မိတ်ဆွေအစစ်က ဘယ်သူလဲ၊ ယူကရိန်း ခေါင်းဆောင် ဇာလန်စကီးကိုကြည့်ပြီး နမူနာယူသင့်ပါတယ်။ မိမိကိုယ်သာ အားကိုးရာ အမှန်ဆိုတာ အမေရိကန်ရဲ့ ဦးစားပေးဒုတိယအဆင့်နဲ့သာ ကျေနပ်လိုက်ရတဲ့ ယူကရိန်းရဲ့ ဖြစ်စဉ်ကနေ သင်ခန်းစာယူသင့်ပါတယ်။ အမေရိကန်သာ မထောက်ပံ့ရင် ယူကရိန်းစစ်ဟာ ယခုလက်ရှိ ချက်ချင်းပြီးသွားနိုင်တဲ့အခြေအနေပါ။ ယခု ဂါဇာစစ်ပေါ်လာတော့ သူ့ထာဝရမိတ်ဆွေကြီး အစ္စရေးအတွက် အရေးကြီးဆုံးဖြစ်နေချိန်မှာ ထိုင်ဝမ်၊ တောင်ကိုးရီးယား၊ ဂျပန်တို့ဟာ အမေရိကန်ရဲ့ လတ်တလောဦးစားပေး အဆင့်သတ်မှတ်ချက်မှာ မရှိနိုင်တော့တဲ့ အခြေအနေကို မြင်နိုင်ရပါမယ်။

သူတစ်ပါးနှာခေါင်းပေါက်နဲ့ အသက်ရှင်နေရသူတွေဟာ အားကိုးရာမဲ့ဖြစ်ရင် ကိုယ်ပဲခံရမယ်ဆိုတာ သိနေမြင်နေဖို့လိုပါတယ်။ အရေးကြီးဆုံးက မိမိကိုယ်တိုင်တည်ဆောက်သော အားသည်သာ အမှန်အင်အားဖြစ်တယ်ဆိုတာ ယူကရိန်းနဲ့ ယခု ဂါဇာစစ်ပွဲတွေမှာ ပိုပြီးပေါ်လွင်လာခဲ့ပြီ ဖြစ်တယ်လို့

> **“ကမ္ဘာ့နိုင်ငံရေး၊ ပထဝီနိုင်ငံရေးကို လေ့လာဆန်းစစ်တတ်ဖို့လိုပါတယ်။ သတင်းတု သတင်းမှားတွေကို အကဲဖြတ်နိုင်အောင် လေ့လာဆန်းစစ်နေရပါမယ်။ ယခု အစ္စရေး-ဟားမတ်စ်စစ်မှာ အချို့သတင်းတွေဟာ သတင်းတုတွေဖြစ်နေကြောင်း နောက်ပိုင်းမှာသိလာရတဲ့ အဖြစ်အပျက်တွေနဲ့အတူ နာမည်ပျက်သွားတဲ့ နာမည်ကြီးသတင်းဌာနတွေရှိနေတဲ့အတွက် အားလုံးကို အလွယ်မလိုက် အလျင်စလို မဆုံးဖြတ်မိဖို့လိုပါတယ်၊ မြန်မာနိုင်ငံမှာလို ကမ္ဘာမှာလည်း ဖြစ်ပျက်နေပုံတွေကို သင်ခန်းစာယူနိုင်ဖို့ပါပဲ၊ ပြဿနာရဲ့ အခြေခံအကြောင်းတရားက ဘာလဲ၊ လတ်တလောအကြောင်းတရားက ဘာလဲ၊ အကြောင်းအကျိုးဆက်စပ်နေတဲ့သဘောတရား၊ နောက်ကွယ်ကကြိုးကိုင်နေတဲ့ လက်မည်းတွေနဲ့အတူ စစ်ရဲ့အကျိုးဆက် ဘယ်ကိုဦးတည်နေသလဲ၊ ကျယ်ပြန့်သွားနိုင်တဲ့စစ်ရဲ့အနေအထား၊ အချိန်တန်ရင် ကိုယ့်အမျိုးသားအကျိုးစီးပွားကိုသာ အဓိကထားကြပုံ၊ နိုင်ငံချစ်စိတ် အမျိုးချစ်စိတ် နိုင်ငံနဲ့နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေရှိကြပုံကို အစ္စရေး-ဟားမတ်စ်စစ်မှာ သတိထားမိကြမယ်ထင်ပါတယ်။ ဒါ့အပြင် ခံစားချက်ကို ဦးစားမပေး၊ လက်တွေ့ကျကျစဉ်းစားနိုင်ဖို့နဲ့ သမိုင်းကြောင်းနောက်ခံကို အနည်းငယ်သိထားဖို့လည်း လိုအပ်ပါမယ်”**

ယူဆပါတယ်။

နောက်ထပ်သင်ခန်းစာယူစရာတစ်ခုက ယခုဖြစ်နေတဲ့ အစ္စရေး–ဟားမတ်စ်စစ်အစပိုင်းမှာ အစ္စရေးနယ်မြေထဲ ဟားမတ်စ်တို့ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်နိုင်ခဲ့မှု အတိုင်းအတာပဲ ဖြစ်ပါတယ်။ နာမည်ကျော် ထောက်လှမ်းရေးစီအိုင်အေနဲ့ မော့ဆက်တို့ အရိပ်အောက်ရှိနေတဲ့ကြားက ဟားမတ်စ်တို့ဟာ အစ္စရေးကို အချိန်ကိုက်တစ်ပြိုင်တည်း အင်အားကြီးကြီးမားမားနဲ့ကို တိုက်ခိုက်သွားကြတာပါ။ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံ အနောက်ဘက်နယ်မြေတချို့က ရဲတပ်ဖွဲ့စခန်း ၃၀ ကို အာဆာတွေ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ပြီး ရခိုင်နဲ့ဘင်္ဂါလီရွာတွေကို မီးရှို့ ဒေသခံလူမျိုးစုတွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတဲ့ဖြစ်စဉ်မျိုးနဲ့ နှိုင်းယှဉ်လေ့လာနိုင်ပါတယ်။

တစ်ဖက်ကသုံးခဲ့တဲ့ နည်းဗျူဟာတွေမှာ တစ်ဖက်ကို သတင်းမှားတွေနဲ့လှည့်စားမှု၊ နားတွေမျက်စိတွေ အသက်မဲ့အောင်အလုပ်ခံလိုက်ရသလား၊ ကြိုတင်သတိပေးဆက်သွယ်ရေးနဲ့ အပြန်အလှန်အကူအညီပေး ပေါင်းစပ်ညှိနှိုင်းမှုစနစ်တွေ ပျက်ယွင်းသွားအောင် ဘယ်လိုလေ့ကျင့်ပြင်ဆင်ခဲ့ကြလဲ စတဲ့ နည်းဗျူဟာတွေဟာ မိမိတို့နိုင်ငံလုံခြုံရေးနဲ့ ကာကွယ်ရေးအပိုင်းမှာ သင်ခန်းစာယူနေရမယ့် တပ်လှန့်သတိပေးချက်တွေဖြစ်မယ်လို့ ယူဆမိပါတယ်။

အခြားသင်ခန်းစာယူသင့်သော အခြေခံအချက်များ

အဓိကပြောချင်တာက အပြောင်းအလဲများလှတဲ့ ယနေ့ကမ္ဘာ့ဖြစ်စဉ်တွေကနေ ဘယ်သူကအမှန်၊ ဘယ်သူကအမှားချပြနေတာဖြစ်လို့ စစ်ရေး၊ စီးပွားရေး ကိုယ့်အင်အားကိုယ် တည်ဆောက်ထားရုံကလွဲပြီး အခြားမရှိပါဘူး။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး မျက်နှာဖုံးစွပ်ပြီး ဘာကျင့်ဝတ်ဘာစည်းကမ်းမှ မလိုက်နာသူတွေရှိနေသရွေ့ ဒီကမ္ဘာကြီး ငြိမ်းချမ်းမယ်မထင်ပါဘူး။ အတ္တတွေကြောင့် ကိုယ်ပိုင်တိုက်တာ အိမ်ခြေတွေပျက်စီး၊ အိုးမဲ့အိမ်မဲ့ဘဝရောက်ကြရတယ်၊ လူတွေသေရတယ်၊ နှစ်ဖက်ကြားမှာ မြေစာပင်ဖြစ်ရတဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းပြည်သူတွေရဲ့အဖြစ်ကို သင်ခန်းစာယူပြီး ငါတို့ဘဝတွေမပျက်ဖို့ စစ်ကို မုန်းတီးနေဖို့လိုပါတယ်။ အထူးသဖြင့် လူငယ်တွေပါ...။

ကမ္ဘာ့နိုင်ငံရေး၊ ပထဝီနိုင်ငံရေးကို လေ့လာဆန်းစစ်တတ်ဖို့လိုပါတယ်။ သတင်းတု သတင်းမှားတွေကို အကဲဖြတ်နိုင်အောင် လေ့လာဆန်းစစ်နေရပါမယ်။ ယခု အစ္စရေး–ဟားမတ်စ်စစ်မှာ အချို့သတင်းတွေဟာ သတင်းတုတွေဖြစ်နေကြောင်း နောက်ပိုင်းမှာ သိလာရတဲ့ အဖြစ်အပျက်တွေနဲ့အတူ နာမည်ပျက်သွားတဲ့ နာမည်ကြီးသတင်းဌာနတွေ ရှိနေတဲ့အတွက် အားလုံးကို အလွယ်မလိုက် အလျင်စလို မဆုံးဖြတ်မိဖို့လိုပါတယ်၊ မြန်မာနိုင်ငံမှာလို ကမ္ဘာမှာလည်း ဖြစ်ပျက်နေပုံတွေကို သင်ခန်းစာယူနိုင်ဖို့ပါပဲ၊ ပြဿနာရဲ့အခြေခံအကြောင်းတရားက ဘာလဲ၊ လတ်တလောအကြောင်းတရားက ဘာလဲ၊ အကြောင်းအကျိုးဆက်စပ်နေတဲ့ သဘောတရား၊ နောက်ကွယ်က ကြိုးကိုင်နေတဲ့ လက်မည်းတွေနဲ့အတူ စစ်ရဲ့အကျိုးဆက် ဘယ်ကိုဦးတည်နေသလဲ၊ ကျယ်ပြန့်သွားနိုင်တဲ့စစ်ရဲ့အနေအထား၊ အချိန်တန်ရင် ကိုယ့်အမျိုးသားအကျိုးစီးပွားကိုသာ အဓိကထားကြပုံ၊ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ် နိုင်ငံနဲ့နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေရှိကြပုံကို အစ္စရေး–ဟားမတ်စ်စစ်မှာ သတိထားမိကြမယ်ထင်ပါတယ်။ ဒါ့အပြင် ခံစားချက်ကို ဦးစားမပေး၊ လက်တွေ့ကျကျစဉ်းစားနိုင်ဖို့နဲ့ သမိုင်းကြောင်းနောက်ခံကို အနည်းငယ် သိထားဖို့လည်း လိုအပ်ပါမယ်။

အချုပ်အားဖြင့်တော့ တို့တိုင်းပြည်က တို့ပြည်သူတွေဟာ မျက်မှောက်ကမ္ဘာ့ အဖြစ်အပျက်တွေကနေ သင်ခန်းစာယူသင့်တာကို ယူကြရပါမယ်။ စံနှစ်မျိုးနဲ့ အင်အားကြီးတွေကြားမှာ ဖိအားဒဏ်ခံနိုင်ဖို့ မိမိကိုယ် မိမိကာကွယ်နိုင်ဖို့နဲ့ အနိုင်ကျင့်မခံရအောင်၊ ချိုးနှိမ်မခံရအောင် စည်းရုံးကြ၊ ညီညွတ်ကြဖို့သင့်ပြီဟူ၍ ဖြစ်ပါတယ်။ နောက်ဆုံးတော့ အနောက်အုပ်စုက လိုရင်လိုသလိုသုံးတဲ့ လူသားချင်းစာနာထောက်ထားမှုတို့၊ တန်းတူညီမျှမှု တရားမျှတမှုတို့၊ လူ့အခွင့်အရေးတို့...ဘာညာစတာတွေဟာ ကြားကောင်းရုံ စားကောင်းရုံ ဝေါဟာရသက်သက်သာ ဖြစ်ပြီး မိမိတို့ကိုယ်တိုင်က ကစားစရာနယ်ရုပ်လေးတွေအဖြစ် မခံရအောင် သင်ခန်းစာယူတတ်ဖို့ပါပဲ။

တရားမဝင် သစ်မျိုးစုံ၊ ပရိဘောဂပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်-မန္တလေး ကားလမ်း၊ မိုင်တိုင်အမှတ် ၂၁ မိုင် ၆ ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Cat Litter (ကြောင်သဲ) ၁၅၆၀ ကီလိုဂရမ်၊ Auto Transfer Switch လေးခု၊ Stanford Diesel Generator တစ်စုံအပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၂၉၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၁၂၉၂၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယင်းမာပင်မြို့နယ်အတွင်း၌ တရားမဝင် သစ်မျိုးစုံ ၁ ဒသမ ၁၆ တန်၊ ကျွန်းခုတင်(အကြမ်း) လေးလုံးနှင့် ကျွန်းဆက်တီ (အကြမ်း) နှစ်လုံး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၆၂၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အလားတူ အောက်တိုဘာ ၁၇ ရက်က ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မင်္ဂလာမူဆယ်အနီးရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Ceramic Tile ၃၀၅၆ ချပ်အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၈၆၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၇ ရက်က ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကြာဆံအပြာ အထုပ် ၉၀၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succeed တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Innoplus Low Density Polyethylene ကီလိုဂရမ် ၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) နှင့် ညောင်ခါးရှည် X-Ray စက်၌ မြဝတီမြို့မှ ပုသိမ်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီးဟင်းရွက်ဆီ လီတာ ၆၀၀၊ Honda Wave Alpha မော်တော်ဆိုင်ကယ် နှစ်စီးအပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၃၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Asia Strar Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၅၇၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၂၇၂၄)ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၇၂၇၂၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၈၇၆၉၂၈)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

အမျိုးသမီးများကို အခကြေးငွေရယူ၍ ဒူဘိုင်းမြို့သို့ ပို့ဆောင်ခဲ့သူများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၁၈

အမျိုးသမီးများကို အခကြေးငွေရယူ၍ ဒူဘိုင်းမြို့သို့ ပို့ဆောင်ခဲ့သူများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မေဖုန်း(ခ)ကေသီမြင့်နှင့် ရန်ကင်းမြို့နယ်နေ မေသဇင်(ခ) ဇင်ငယ် တို့က ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်လိုပါက တစ်လလျှင် ငွေကျပ် ရှစ်သိန်းမှ ၁၀ သိန်းအထိ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး အခကြေးငွေရယူ၍ မကွေးတိုင်းဒေသကြီး အောင်လံမြို့နေ မ ---၊ ၂၀/၂၂ နှစ်ပါ လေးဦးတို့အား ဒူဘိုင်းမြို့သို့ ပို့ဆောင်ခဲ့သဖြင့် အောင်လံမြို့မရဲစခန်း၊ (ပ)၁၀၁/၂၀၂၂၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ဖြင့် လည်းကောင်း၊ လိပ်စာတူ ဒေါ်---၊၃၆/၂၂ နှစ်အား ဒူဘိုင်းမြို့သို့ ပို့ဆောင်ခဲ့သဖြင့် အောင်လံမြို့မရဲစခန်း၊ (ပ)၁၁၆/၂၀၂၂၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ဖြင့်လည်းကောင်း အမှုရေးဖွင့်ခဲ့ပြီး အောင်လံမြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် မေဖုန်း(ခ)ကေသီမြင့်နှင့် မေသဇင်(ခ) ဇင်ငယ် တို့ကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ အမှုတစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ချန်ရန်ပန်(ခ)ပေါက်အိုက်ပန်းနှင့် ရှောက်ရန်ပန်(ခ)ဟော်ချွင်ထင်တို့ကို ဥပဒေအရအရေးယူရန် ဖမ်းဝရမ်းထုတ်ဆင့်ခြင်း

နေပြည်တော် အောက်တိုဘာ ၁၈

ရှမ်းပြည်နယ် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နယ်မြေအတွင်း Online လိမ်လည်မှုများ၊ လူကို သွေးဆောင်ဆွဲခေါ်မှုများ၊ လူပြန်ပေးမှုများ၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်နေသော ချန်ရန်ပန်(ခ) ပေါက်အိုက်ပန်းနှင့် ရှောက်ရန်ပန် (ခ) ဟော်ချွင်ထင်တို့ကို ဥပဒေအရ အရေးယူရန်အတွက်

ချန်ရန်ပန်(ခ)ပေါက်အိုက်ပန်း

ရှောက်ရန်ပန်(ခ)ဟော်ချွင်ထင်

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဟိုပန်ခရိုင် တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aung Thi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွာကန့်လန့်ကျေးရွာနေ အောင်သီအား နံနက် ၃ နာရီတွင် ဘိုကလေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အမေရိကန်သမ္မတ ဘိုင်ဒင် အစ္စရေးသို့ရောက်ရှိ၊ ဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံ

ဂျေရုဆလင် အောက်တိုဘာ ၁၈

အစ္စရေးနှင့် ပါလက်စတိုင်းအစ္စလာမ္မစ်အုပ်စု ဟားမားစ်တို့အကြား တိုက်ပွဲဆက်လက်ဖြစ်ပွားနေချိန်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အစ္စရေးနိုင်ငံကို ထောက်ခံကြောင်းပြသသည့်အနေဖြင့် အောက်တိုဘာ ၁၈ ရက်တွင် အစ္စရေးနိုင်ငံသို့ရောက်ရှိလာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းသည် အဲဖို့စ်ဝမ်းလေယာဉ်ဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် သမ္မတဘိုင်ဒင်အနေဖြင့် ဂါဇာကမ်းမြောင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေယိုယွင်းနေမှုနှင့် ပတ်သက်ပြီး ဆွေးနွေးရန်အတွက် ပါလက်စတိုင်းသမ္မတ မာမွတ်အက်ဘာ့စ်နှင့် အခြားသော အာရတ်ခေါင်းဆောင်များနှင့် တွေ့ဆုံရန် ဂျော်ဒန်နိုင်ငံသို့ ထွက်ခွာရန် စီစဉ်ထားခဲ့ကြောင်း သိရသည်။

သို့သော်လည်း ဂါဇာကမ်းမြောင်ရှိ ဆေးရုံတစ်ရုံ၌ အောက်တိုဘာ ၁၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မကြာမီတွင် အဆိုပါခရီးစဉ်ကို ဖျက်သိမ်းလိုက်သည်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံစဉ်တွင် ထိုပေါက်ကွဲမှုမှာ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း အစ္စရေးပြောကြားချက်ကို ဘိုင်ဒင်က ထောက်ခံခဲ့သည်။

တိုက်ခိုက်မှုအတွင်း လူပေါင်း ၅၀၀ ထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ကြောင်းနှင့် ဒေသအနှံ့အပြား ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့သည်။ ၎င်းကို တိုက်ပွဲစတင်ဖြစ်ပွားချိန်နောက်ပိုင်း ဂါဇာကမ်းမြောင်တွင် လူအသေအပျောက် အများဆုံးဖြစ်ရပ်များထဲမှ တစ်ခုဟု သတ်မှတ်ထားသည်။ ဘိုဒင်က ပေါက်ကွဲမှုနှင့် ဆိုးဆိုးရွားရွား အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်မိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ တွေ့ဆုံစဉ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဆိုပါဆေးရုံသည် အစ္စရေးတပ်မတော်ဘက်က ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ညွှန်ကြားချက်နှင့် ရင်ဆိုင်နေရသည့် ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဆေးရုံ ၂၀ ထဲမှ တစ်ခုဖြစ်ကြောင်း ပြောသည်။ ထို့ပြင် စိုးရိမ်ရသောအခြေအနေတွင်ရှိသည့် လူနာအရေအတွက်မှာ များပြားလွန်းသောကြောင့် ထိုကဲ့သို့ ပြောင်းရွှေ့ရန် ညွှန်ကြားချက်ကို လိုက်နာရန် မဖြစ်နိုင်ကြောင်းလည်း အဆိုပါအဖွဲ့က ဆက်ပြောသည်။

အင်န်အိတ်ချ်ကေ

ဗုံးအန္တရာယ်ခြိမ်းခြောက်မှုများကြောင့် ပြင်သစ်နိုင်ငံလေဆိပ်များတွင် ဘေးလွတ်ရာရွှေ့ပြောင်းမှုများပြုလုပ်

ပါရီ အောက်တိုဘာ ၁၈

ပြီးခဲ့သည့် သောကြာနေ့က ပြင်သစ်နိုင်ငံ စာသင်ကျောင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လိုင်လီ၊ လီယွန်နှင့် တလူ့စ် လေဆိပ်များတွင် ဗုံးထားရှိသည်ဟူသော ခြိမ်းခြောက်မှုများ အောက်တိုဘာ ၁၈ ရက် လက်ခံရရှိခဲ့သည်။

ထို့နောက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ရသည်ဟု ဘီအက်ဖ်အမ်တီဗွီတွင် ဖော်ပြထားသည်။ နိုက်စ်လေဆိပ်တွင်လည်း အလားတူခြိမ်းခြောက်မှုမျိုးရရှိခဲ့သည်။ Terminal 1 တွင် ကျန်ရစ်ခဲ့သည့် ခရီးဆောင်အိတ်တစ်လုံးဖြစ်ကာ အဆိုပါအိတ်ကို ဖယ်ရှားလိုက်ပြီး ဖြစ်သည်ဟု ဘီအက်ဖ်အမ်တီဗွီတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် သောကြာနေ့က လည်း ပြင်သစ်နိုင်ငံမြောက်ပိုင်း စာသင်ကျောင်းတစ်ကျောင်းတွင် ဓားဖြင့်တိုက်ခိုက်မှုကြောင့် ဆရာတစ်ဦးသေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။ တိုက်ခိုက်သူကိုလည်း ချက်ချင်းဖမ်းမိခဲ့သည်။ အောက်တိုဘာ ၁၇ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အဆိုပါတိုက်ခိုက်သူမှာ အိုင်အက်စ်အဖွဲ့ကို သစ္စာခံထားကြောင်း ၎င်း၏ဖုန်းအတွင်း အသံဖိုင်တွင် တွေ့ရှိခဲ့သည်ဟု ပြင်သစ်အကြမ်းဖက်တိုက်ဖျက်ရေးရှေ့နေ ယန်း-ဖရန်ကော့စ်က ပြောသည်။

ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်သိန်းနီးပါးရှိလာ

ဟနွိုင်း အောက်တိုဘာ ၁၈

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အစပိုင်းမှစတင်ကာ သေဆုံးသူ ၂၇ ဦးနှင့်အတူ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၉၉၆၃၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၇ ရက်တွင် ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်မှာ ယခင်သီတင်းပတ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်နှင့် နှိုင်းယှဉ်ပါက ကျဆင်းလာကြောင်း သိရသည်။ သို့သော်လည်း မြို့တော်ဟနွိုင်းတွင် ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ ကျဆင်းသည့်အရိပ်အယောင် မတွေ့ရသေးပေ။ ယခုနှစ်စက်တင်ဘာလကုန်နောက်ပိုင်းကတည်းက ဟနွိုင်းမြို့တွင် ရောဂါဖြစ်ပွားကူးစက်မှုနှုန်းမှာ လျင်မြန်စွာမြင့်တက်လာကြောင်း၊ သီတင်းတစ်ပတ်လျှင် ရောဂါဖြစ်ပွားသူ ၂၅၀၀-၂၆၀၀ ဝန်းကျင်ရှိပြီး စက်တင်ဘာလပထမသီတင်းပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၅ ဆ မြင့်တက်လာကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးလူနာတစ်ဦးအား ကျန်းမာရေးဝန်ထမ်းတစ်ဦးက ဆေးကုသမှုပေးနေစဉ်။

ယခုနှစ်အစောပိုင်းမှစတင်ကာ မြို့တော်ဟနွိုင်းမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား သူ ၂၀ ၅၄၈ ဦးရှိပြီး ပြီးခဲ့သည့် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သုံးဆမြင့်တက်လာသည်။

ဆင်ဟွာ

အစ္စရေး-ပါလက်စတိုင်းပဋိပက္ခကို ရပ်တန့်ရန်ရည်ရွယ်၍ ကျင်းပမည့် လေးပွင့်ဆိုင် ထိပ်သီးအစည်းအဝေးကို ဂျော်ဒန်ဖျက်သိမ်း

အမ္မန် အောက်တိုဘာ ၁၈

လေးပွင့်ဆိုင် ထိပ်သီးအစည်းအဝေးကို ဖျက်သိမ်းရန် ဂျော်ဒန်နိုင်ငံက ဆုံးဖြတ်ခဲ့ကြောင်း အောက်တိုဘာ ၁၈ ရက်တွင် နိုင်ငံပိုင်ပက်ထရာ သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂၊ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၊ ပါလက်စတိုင်းသမ္မတ မာမွတ်အက်ဘာ့စ်နှင့် အီဂျစ်သမ္မတ အဗ္ဗဒယ် ဖက်တက်အယ်စီစီတို့ကို ဖိတ်ခေါ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတို့၏ ထိုးစစ်ဆင်မှုများကြောင့် အဆိုပါထိပ်သီးအစည်းအဝေးကို ဖျက်သိမ်းရန် စီစဉ်လိုက်ရခြင်းဖြစ်ကြောင်း ဂျော်ဒန်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အေမန် ဆာဖာဒီက အောက်တိုဘာ ၁၈ ရက်တွင် ပြောသည်။

အဆိုပါ ထိပ်သီးအစည်းဝေးသည် စစ်ပွဲကို ရပ်တန့်ရန်၊ လိုအပ်သည့် အကူအညီများပေးရန်နှင့် ပါလက်စတိုင်းတို့အပေါ် လူသားချင်းစာနာထောက်ထားမှုပေးရန် ရည်ရွယ်၍ စီစဉ်ခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်း၊ အီဂျစ်တို့နှင့် ဆွေးနွေးမှုများအပြင် အမေရိကန်နှင့် ဆွေးနွေးပြီးသည့်နောက် အစည်းအဝေးကျင်းပခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ သွေးထွက်သံယိုမှုများကို အဆုံးသတ်ရန် အပြည်ပြည်ဆိုင်ရာမှ ဝိုင်းဝန်းကြိုးစားပေးကြရန်လည်း ၎င်းကတိုက်တွန်းခဲ့သည်။

စစ်ပွဲရပ်တန့်ပြီး ဂါဇာရှိပြည်သူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်သည့်အချိန်တွင် အစည်းအဝေးကို ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ အောက်တိုဘာ ၁၈ ရက်တွင် ဂျော်ဒန်သို့အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်လာရောက်မည်မဟုတ်ကြောင်းကိုလည်း ၎င်းကအတည်ပြုခဲ့သည်။

ဆင်ဟွာ

ပထမကိုးလအတွင်း လေကြောင်းမှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်သည့် ခရီးသွား ၃ ဒသမ ၇ သန်းရှိ

ဖနောင်ပင် အောက်တိုဘာ ၁၈

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၂၃ ခုနှစ် ပထမကိုးလအတွင်း လေကြောင်းမှ လာရောက်သည့် ခရီးသွား ၃ ဒသမ ၇ သန်းရှိသည်ဟု သိရသည်။ ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ၁၆၂ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်ဟု အောက်တိုဘာ ၁၈ရက်တွင် အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ယခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအထိ ပြည်တွင်းနှင့်ပြည်ပ လေကြောင်းခရီးစဉ်ပေါင်း ၃၇၂၀၀ ပြေးဆွဲခဲ့ကြောင်း ပြည်တွင်းလေကြောင်းပို့ဆောင်ရေး၏ ဒုတိယအတွင်းဝန်နှင့်ပြောရေးဆိုခွင့်ရှိသူ ရှင်ချန်စရီ ဘူသာက ပြောသည်။

ယူနက်စကိုစာရင်းဝင် အန်ကောဝပ် ရှေးဟောင်းသုတေသနဥယျာဉ်တည်ရှိရာ ဆမ်းရိပ်ပြည်နယ်သို့ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲနိုင်ရေး ဆွဲဆောင်နိုင်ရန် မျှော်လင့်ထားကြောင်းလည်း ၎င်းကဆက်ပြောသည်။

ဆင်ဟွာ

မုံရွာကုန်စည်ဒိုင်၌ ပဲမျိုးစုံ ယခင်နှစ်ကထက် ဈေးပိုမို

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာကုန်စည်ဒိုင်၌ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ စွန်တာနီ/ပြာ၊ ထောပတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ မြေပဲဆန်၊ နှမ်း စသည်ဖြင့် သီးနှံမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မုံရွာကုန်စည်ဒိုင်ရှိ ပဲသီးနှံများ၏ ဈေးနှုန်းနှင့် အရောင်းအဝယ်ဖြစ်မှု အနေဖြင့် အောက်တိုဘာလ (တတိယပတ်) တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၈၅၅၀၀၊ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၂၅၅၀၀၊ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၅၀၀၀၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၉၁၅၀၀၊ 929 ကုလားပဲတစ်တင်းလျှင် ကျပ် ၈၈၅၀၀၊ ထိုင်ဝမ် တစ်တင်းလျှင် ကျပ် ၈၈၀၀၀၊ စွန်တာနီ/ပြာ ပဲတစ်တင်းလျှင် ကျပ် ၅၅၀၀၀၊ ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၁၀၂၀၀၀၊ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၁၈၀၀၀၊ မြေပဲဆန် (နီ) တစ်ပိဿာလျှင် ကျပ် ၆၇၀၀၊ မြေပဲဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ နှမ်း(နက်) တစ်တင်းလျှင် ကျပ် ၁၁၆၀၀၀၊ နှမ်း(ညို) တစ်တင်းလျှင် ကျပ် ၉၆၀၀၀ စသည့်ဈေးနှုန်းများဖြင့် တစ်ရက်လျှင် မတ်ပဲအိတ်ရေ (၅-၁၀) အိတ်ခန့်၊ ပဲစင်းငုံအိတ်ရေ (၃-၅) အိတ်ခန့်၊ ပဲတီစိမ်းအိတ်ရေ (၉-၁၀) အိတ်ခန့်၊ ကုလားပဲအိတ်ရေ (၁၀-၁၅)အိတ်ခန့်၊စွန်တာနီ/ပြာ (၅-၇)အိတ်ခန့်၊ ထောပတ်ပဲ (၅-၁၀) အိတ်ခန့်၊ အစေ့ထုတ်ပြောင်း (၃-၅) အိတ်ခန့်၊ မြေပဲဆန်(၂၀-၂၅) အိတ်ခန့်၊ နှမ်း (၁၀-၁၅) အိတ်ခန့် စသည်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။ မုံရွာကုန်စည်ဒိုင်၌ ပဲအမျိုးအစားအလိုက် ဈေးနှုန်းများမှာ ယခင်နှစ် ကာလတူဈေးနှုန်းများထက် ယခုနှစ်တွင် ဈေးနှုန်း ပိုမိုကောင်းမွန်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်ဈေးနှုန်းသတင်းများအရ သိရသည်။

DOCA (စစ်ကိုင်း)

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း ရော်ဘာ ၁၈၃၇ ဒသမ ၇၅ တန် တင်ပို့နိုင်

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှ ၁၇ ရက်နေ့အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ရော်ဘာ ၁၈၃၇ ဒသမ ၇၅ တန်၊ ဆန်ကွဲ ၁၁၇၁ ဒသမ ၂၅ တန်၊ ပြောင်း ၁၆၄၁ ဒသမ ၅၀ တန်၊ နှမ်း (နက်) ၂၅၅ ဒသမ ၅၅ တန်၊ ပဲယဉ်း ၃၄၀ ဒသမ ၀၀ တန်၊ ဆန် ၅၃၉ ဒသမ ၇၅ တန်၊ ဝဥခြောက် ၁၃၅ ဒသမ ၃၅ တန်၊ ထောပတ်ပဲ ၁၃၃ ဒသမ ၃၀ တန်၊ မြေထောက်ပဲ ၃၂ ဒသမ ၀၀ တန်နှင့် မြေပဲ(အခွံပါ) ၅၃ ဒသမ ၉၀ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၅ ဒသမ ၃၁၃ သန်း၊ ချည်ထည်များ ဒေါ်လာ ၂ ဒသမ ၀၆၅ သန်း၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ ၁ ဒသမ ၇၂၅ ဒေါ်လာသန်း၊ ဓာတ်မြေဩဇာ ဒေါ်လာ ၀ ဒသမ ၆၉၃ သန်း၊ ချုပ်ပြီးအဝတ်အထည်များ ဒေါ်လာ ၀ ဒသမ ၆၀၆ သန်း၊ သားရေ၊ သားရေတုဖြင့် ပြုလုပ်သောပစ္စည်း ဒေါ်လာ ၀ ဒသမ ၅၄၈ သန်း၊ စက်နှင့်စက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၄၈၈ သန်း၊ ဆေးဝါးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၂၅၈ သန်းနှင့် မီးဖိုချောင်သုံးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၂၄၀ သန်း တင်သွင်းနိုင်ခဲ့သည်။ **(DOT ချင်းရွှေဟော်)**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၁၆-၁၀-၂၀၂၃ မှ ၁၇-၁၀-၂၀၂၃ ရက်နေ့အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၅၅ ဒသမ ၀၀ တန်နှင့် ပြောင်း ၃၀ ဒသမ ၀၀ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ဒေါ်လာ ၄၀၈၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀နှင့် ကြိမ် တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၆၆၀၊ မြေထောက်ပဲ တစ်တန်လျှင် ၁၄၈၄ ဒေါ်လာနှင့် ရော်ဘာ တစ်တန်လျှင် ဒေါ်လာ ၁၃၀၀ ဖြစ်ကြောင်း သိရှိရသည်။

ယခုအပတ်အတွင်း ပတ္တာကြိုး ၁၅ ဒသမ ၀၀ တန်၊ ကော်စေ့ ၁၃ ဒသမ ၄၀တန်နှင့် ကုန်စုံ ၄၁ ဒသမ ၅၀ တန် တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် နှစ်ဘီးထွန်စက် တစ်စီးလျှင် ဒေါ်လာ ၆၀၀၊ စက္ကူလိပ် တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပီနံအိတ်တစ်တန်လျှင် ဒေါ်လာ ၈၀၀နှင့် ပိတ်လိပ် တစ်တန်လျှင် ဒေါ်လာ ၅၇၀ ဖြစ်ကြောင်း သိရှိရသည်။ လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် စက်တင်ဘာ ၁၇ ရက်နေ့တွင် (၁) ယွမ်လျှင် ၄၅၀ ကျပ်ဖြစ်ကြောင်း သိရှိရသည်။ **(DOT လွယ်ဂျယ်)**

မြင်းခြံ ကြက်သွန်နီလှိုင်လှိုင်ပေါပြီ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ကန်ဆင့်ရွာ၊ ဇလုံရွာ၊ ဖောင်းကားရွာ၊ လက်ဝဲရွာ၊ မြင်းနီရွာ၊ နန္ဒင်းတော်ဘိုးရွာ၊ တလုပ်မြို့ရွာနှင့် ကိုင်းရွာများမှထွက်ရှိသော ကြက်သွန်နီများမှာ အရည်အသွေးကောင်းမွန်ပြီး သိုလှောင်ရာတွင် အထားခံသောကြောင့် ဈေးကောင်းရကြောင်း၊ ကြက်သွန်နီထွက်ရှိသော ကျေးရွာများမှ ပွဲရုံများသို့ ကြက်သွန်နီ ပျမ်းမျှကုန်ချိန်ပိဿာ ၅၀၀၀၀ မှ ၆၀၀၀၀ ကျော် နေ့စဉ်ဝင်ရောက်လေ့ရှိပြီး အရည်အသွေးအပေါ်မူတည်၍ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် အောက်တိုဘာလ (ဒုတိယပတ်) တွင် ကြက်သွန်နီ (အကြီး) တစ်ပိဿာလျှင် (၂၆၀၀-၂၈၀၀) ကျပ်၊ (အလတ်စ) တစ်ပိဿာလျှင် (၂၃၀၀-၂၅၀၀) ကျပ်၊ (အသေးစ) တစ်ပိဿာလျှင် (၂၀၀၀-၂၂၀၀) ကျပ်ဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မြင်းခြံခရိုင်အတွင်းမှ ထွက်ရှိသော ကြက်သွန်နီများကို မန္တလေး၊ ရန်ကုန်၊ နေပြည်တော်၊ မော်လမြိုင်နှင့် မူဆယ်မြို့များသို့အပတ်စဉ် တင်ပို့လျက်ရှိကြောင်း သိရသည်။

DOCA (မန္တလေး)

၁၈ - ၁၀ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)		ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)												အသား၊ ငါး(တစ်ပိဿာ)				
		ဧည့်မထ	ငစိန်	ပဲဆီ	စားအုန်းဆီ	ငရုတ်ခြောက်	ကြက်သွန်နီ	ကြက်သွန်ဖြူ(ရှမ်းစ)	ကြက်သွန်ဖြူ (ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲဝါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃
၁	မြစ်ကြီးနား	၃၈၀၀		၁၆၀၀၀	၅၂၀၀	၁၇၅၀၀	၃၅၀၀	၁၀၀၀၀	၈၅၀၀	၅၀၀၀	၆၀၀၀	၁၀၀၀	၁၀၀၀၀	၇၀၀၀	၄၀၀၀	၃၀၀၀	၄၀၀၀	၁၂၀၀၀	၂၂၀၀၀	၁၈၀၀၀	၂၆၀၀၀	၁၅၀၀၀
၂	လားရှိုး	၃၃၅၀		၁၆၅၀၀	၅၀၀၀	၂၀၀၀၀	၃၆၀၀	၉၀၀၀	၈၀၀၀	၆၀၀၀	၄၀၀၀	၁၀၀၀	၈၀၀၀	၆၅၀၀	၄၀၀၀	၂၅၀၀	၄၀၀၀	၁၃၀၀၀	၂၂၀၀၀	၂၀၀၀၀	၃၀၀၀၀	၁၄၀၀၀
၃	ကျိုင်းတုံ	၃၉၅၀		၁၆၀၀၀	၇၅၀၀	၁၈၀၀၀	၄၂၀၀	၁၀၀၀၀	၉၀၀၀	၄၀၀၀	၅၀၀၀	၁၀၀၀	၈၅၀၀	၇၀၀၀	၄၀၀၀	၃၂၀၀	၄၀၀၀	၁၄၀၀၀	၂၀၀၀၀	၂၄၀၀၀		၁၅၅၀၀
၄	တောင်ကြီး	၃၀၀၀	၂၇၅၀	၁၆၅၀၀	၅၀၀၀	၂၀၀၀၀	၃၅၀၀	၁၀၀၀၀	၉၅၀၀	၅၅၀၀	၅၀၀၀	၆၀၀	၉၀၀၀	၆၅၀၀	၄၀၀၀	၂၈၀၀	၃၅၀၀	၁၀၀၀၀	၂၀၀၀၀	၁၆၀၀၀	၂၅၀၀၀	၁၂၀၀၀
၅	လွိုင်ကော်	၃၇၀၀	၂၇၀၀	၁၆၀၀၀	၇၅၀၀	၂၀၀၀၀	၃၄၀၀	၁၀၀၀၀	၈၅၀၀	၅၅၀၀	၅၀၀၀	၆၀၀	၉၀၀၀	၆၄၀၀	၃၅၀၀	၂၇၀၀	၄၀၀၀	၁၄၀၀၀	၁၇၀၀၀	၁၅၀၀၀	၂၅၀၀၀	၁၂၀၀၀
၆	ဘားအံ	၂၉၀၀		၁၆၀၀၀	၇၀၀၀	၁၄၀၀၀	၃၃၀၀	၁၀၀၀၀	၈၅၀၀	၆၈၀၀	၄၀၀၀	၈၀၀	၁၀၀၀၀	၆၅၀၀	၃၀၀၀	၂၅၀၀	၃၈၀၀	၁၀၅၀၀	၁၅၀၀၀	၁၅၀၀၀	၁၈၀၀၀	၈၀၀၀
၇	မော်လမြိုင်	၃၁၅၀		၁၆၀၀၀	၇၃၀၀	၁၄၀၀၀	၃၃၀၀	၁၂၀၀၀	၁၀၀၀၀	၈၀၀၀	၆၀၀၀	၈၀၀	၁၂၀၀၀	၇၀၀၀	၅၀၀၀	၂၃၀၀	၄၂၀၀	၁၀၀၀၀	၁၆၀၀၀	၁၇၀၀၀	၃၀၀၀၀	၁၂၀၀၀
၈	ထားဝယ်	၃၉၀၀		၁၇၀၀၀	၅၀၅၀	၁၄၀၀၀	၃၆၀၀	၉၅၀၀	၈၀၀၀		၇၀၀၀	၈၀၀	၇၉၀၀	၆၀၀၀	၄၀၀၀	၂၈၀၀	၄၂၀၀	၁၂၅၀၀	၁၅၀၀၀	၁၈၀၀၀	၂၄၀၀၀	
၉	မြိတ်	၃၂၀၀		၁၆၀၀၀	၅၁၅၀	၁၅၀၀၀	၃၆၀၀	၉၅၀၀	၈၇၀၀	၆၀၀၀	၈၇၀၀	၈၀၀	၉၀၀၀	၆၈၀၀	၃၅၀၀	၃၀၀၀	၄၂၀၀	၁၂၅၀၀	၁၆၀၀၀	၁၈၀၀၀	၂၃၀၀၀	
၁၀	ရန်ကုန်	၂၈၀၀		၁၆၀၀၀	၄၅၀၀	၁၈၀၀၀	၃၆၀၀	၁၁၀၀၀	၈၅၀၀	၁၀၀၀၀	၈၀၀၀	၆၀၀	၇၅၀၀	၆၅၀၀	၃၅၀၀	၂၈၀၀	၄၂၀၀	၁၂၀၀၀	၁၇၀၀၀	၁၉၀၀၀	၃၀၀၀၀	၁၂၀၀၀
၁၁	ပုသိမ်	၂၉၀၀		၁၅၀၀၀	၄၇၀၀	၁၇၀၀၀	၃၄၀၀	၉၅၀၀	၈၀၀၀	၅၀၀၀	၈၀၀၀	၃၀၀	၆၅၀၀	၆၀၀၀	၄၅၀၀	၂၈၀၀	၃၇၀၀	၈၀၀၀	၁၆၀၀၀	၁၆၀၀၀	၂၅၀၀၀	၈၅၀၀
၁၂	စစ်တွေ	၃၂၀၀	၃၀၀၀	၁၆၀၀၀	၉၀၀၀	၁၈၀၀၀	၃၃၀၀	၉၅၀၀	၉၀၀၀	၆၅၀၀	၆၅၀၀	၆၀၀	၉၀၀၀	၆၅၀၀	၃၀၀၀	၃၅၀၀	၄၂၀၀	၁၁၀၀၀	၂၂၀၀၀	၂၆၀၀၀	၂၆၀၀၀	
၁၃	ဟားခါး	၇၀၀၀		၁၈၅၀၀		၄၅၀၀၀	၃၇၅၀	၁၄၀၀၀			၄၀၀၀	၁၂၀၀		၇၀၀၀		၄၀၀၀	၆၀၀၀	၁၈၀၀၀	၂၀၀၀၀	၂၀၀၀၀		၁၅၀၀၀
၁၄	မုံရွာ	၄၈၀၀		၁၂၅၀၀	၅၀၀၀	၁၇၀၀၀	၂၅၀၀	၉၀၀၀	၉၀၀၀	၉၀၀၀	၃၅၀၀	၇၀၀	၇၂၀၀	၈၀၀၀	၃၈၀၀	၂၄၀၀	၄၂၀၀	၈၀၀၀	၁၉၀၀၀	၁၃၀၀၀	၂၂၀၀၀	၁၂၀၀၀
၁၅	မန္တလေး	၃၅၀၀		၁၅၀၀၀	၄၈၅၀	၁၆၀၀၀	၃၁၀၀	၁၂၀၀၀	၈၀၀၀	၆၅၀၀	၆၅၀၀	၈၀၀	၈၀၀၀	၆၂၀၀	၅၀၀၀	၂၅၀၀	၄၀၀၀	၁၀၀၀၀	၁၇၀၀၀	၁၈၀၀၀	၂၄၀၀၀	၁၃၀၀၀
၁၆	ပခုက္ကူ	၃၈၀၀		၁၃၀၀၀	၅၀၀၀	၁၆၀၀၀	၂၈၀၀	၁၀၀၀၀	၈၅၀၀	၈၀၀၀	၃၅၀၀	၆၅၀	၇၅၀၀	၇၅၀၀	၃၀၀၀	၂၂၀၀	၄၀၀၀	၁၂၀၀၀	၁၈၀၀၀	၁၇၀၀၀	၂၀၀၀၀	၇၅၀၀
၁၇	မကွေး	၃၇၀၀		၁၄၀၀၀	၄၈၀၀	၁၄၀၀၀	၃၃၀၀	၈၀၀၀	၉၅၀၀	၇၀၀၀	၆၅၀၀	၈၀၀	၅၈၅၀	၆၅၀၀	၃၂၀၀	၂၆၀၀	၃၈၀၀	၁၂၀၀၀	၁၄၀၀၀	၁၄၀၀၀	၁၆၀၀၀	၁၄၀၀၀
၁၈	ပြည်	၃၀၀၀		၁၃၅၀၀	၅၂၀၀	၁၈၀၀၀	၃၂၀၀	၁၁၀၀၀	၈၅၀၀		၆၅၀၀	၆၀၀	၇၀၀၀	၆၅၀၀	၄၀၀၀	၂၈၀၀	၃၈၀၀	၁၀၀၀၀	၁၈၀၀၀	၁၅၀၀၀	၂၅၀၀၀	၁၂၀၀၀
၁၉	ပဲခူး	၃၂၀၀		၁၆၀၀၀	၅၀၀၀	၁၈၀၀၀	၃၃၀၀	၉၈၀၀	၈၅၀၀		၇၀၀၀	၄၅၀	၈၅၀၀	၆၅၀၀	၃၈၀၀	၂၈၀၀	၄၃၀၀	၁၀၀၀၀	၁၆၀၀၀	၁၅၀၀၀	၂၃၀၀၀	၉၀၀၀
၂၀	ပျဉ်းမနား	၃၅၀၀		၁၅၀၀၀	၅၅၀၀	၁၆၀၀၀	၃၃၀၀	၁၁၀၀၀	၈၅၀၀	၆၀၀၀	၅၆၀၀	၅၀၀	၇၀၀၀	၆၂၀၀	၄၀၀၀	၂၅၀၀	၄၀၀၀	၁၂၀၀၀	၁၄၀၀၀	၁၄၀၀၀	၂၄၀၀၀	၁၁၀၀၀
၂၁	နေပြည်တော်	၃၅၀၀		၁၅၀၀၀	၅၅၀၀	၁၆၀၀၀	၃၄၀၀	၁၁၀၀၀	၈၅၀၀	၆၂၀၀	၆၀၀၀	၅၀၀	၇၂၀၀	၆၂၀၀	၄၂၀၀	၂၈၀၀	၄၀၀၀	၁၂၀၀၀	၁၆၀၀၀	၁၄၀၀၀	၂၄၀၀၀	၁၂၀၀၀
၂၂	ကလေး	၄၈၀၀	၄၄၀၀	၁၅၀၀၀	၁၀၅၀၀	၂၂၀၀၀	၃၅၀၀		၁၀၀၀၀	၄၅၀၀	၆၀၀၀	၁၀၀၀	၉၅၀၀	၇၅၀၀	၄၀၀၀	၄၀၀၀	၅၀၀၀	၁၆၀၀၀	၂၀၀၀၀	၂၀၀၀၀		၁၂၀၀၀

မှတ်ချက်။ (၁) ပဲဆီ တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ပျဉ်းမနားတွင် ငွေကျပ် ၅၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၀၊ နနွင်းတက် တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၅၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၂၀၀၊ ပြည်တွင် ငွေကျပ် ၃၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ ချင်း တစ်ပိဿာလျှင် လားရှိုးနှင့် စစ်တွေတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၃၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၃၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်၊ ပျဉ်းမနားနှင့်နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၊ ကြက်သား တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၂၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၂၀၀၀၊ ပျဉ်းမနားတွင် ငွေကျပ် ၁၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပြည်နှင့်ပျဉ်းမနား ငွေကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်ပြီး ကာကွယ်ဆေးအကြိမ်ပြည့် မရရှိသေးသော အသက်(၁)နှစ်မှ (၅)နှစ်အရွယ် ကလေးငယ်များကို Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

နေပြည်တော် အောက်တိုဘာ ၁၈

အထူးကုသမှုလိုအပ်သော ပြည်သူများအနေဖြင့် သက်ဆိုင်ရာပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ လိုအပ်သောကုသမှုများ ရရှိနိုင်စေရန် ရန်ကုန်နှင့် မန္တလေးမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကွင်းဆင်းကုသမှု အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီး (မန္တလေး) တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး (မုံရွာ)မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာ လူနာ ၁၄၅ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၆၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၁၄၂ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ကိုးဦး၊ အသည်းရောဂါဆိုင်ရာ လူနာ ၄၆ ဦး၊ အထွေထွေရောဂါဆေးပညာဆိုင်ရာလူနာ ၂၃၁ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ ၂၅၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါဆိုင်ရာလူနာ ၁၁၅ ဦး၊ မျက်စိရောဂါဆိုင်ရာ လူနာ ၄၆၅ ဦး၊ အထွေထွေခွဲစိတ် လူနာ ၄၁ ဦး၊ အရိုးရောဂါလူနာ ၂၃ ဦး အပါအဝင် စုစုပေါင်း ဒေသခံပြည်သူ ၁၅၃၉ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်း ကြည့်ရှုခြင်း (OGDS) ရှစ်ဦး၊ အစာရေမျိုပြွန်သွေးကြောပေါက်ခြင်းအား သွေးကြောထုံးကုသခြင်း နှစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း Procedure ဆောင်ရွက်မှု ၂၃ ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့်စစ်ဆေးခြင်း (CT scan) ငါးဦး၊ သံလိုက်ဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (MRI) သုံးဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၂၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၁၇၅ ဦး၊ Ultra-sound ရိုက်ကူးခြင်း ၄၆ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း(ECG) ၁၇၂ ဦးတို့ကို စမ်းသပ်စစ်ဆေးကုသခြင်းအပြင် မျက်စိခွဲစိတ်ကုသမှု ၄၅ ဦးတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် စစ်ကိုင်းတိုင်းဒေသကြီးအပြင် မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်မှ မြို့ပေါ်နှင့်ကျေးလက်နေပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လူနာ ၁၄ ဦးကို မန္တလေးရှိ သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထူးကု ဆေးကုသရေးအဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းခရီးစဉ် (၁၁) ကြိမ် ဆောင်ရွက်ပြီးဖြစ်ကာ အထူးကုဆေးကုသရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းဌာနခွဲသည် မွေးကင်းစမှ အသက်(၁၈)လ အရွယ်အထိ ကလေးများအား ကာကွယ်ဆေး (၁၂)မျိုးကို အသက်အရွယ်အလိုက် ထိုးနှံ၊ တိုက်ကျွေးပေးလျက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် အသက် ကိုးနှစ်ပြည့်ပြီး မိန်းကလေးငယ်များကို သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ အသက်အရွယ်အလိုက် ထိုးနှံရသည့် ကာကွယ်ဆေးများ ထိုးနှံရန်ကျန်ရှိသည့် အသက် ငါးနှစ်အောက် ကလေးများကိုလည်း Catch-up (အမီလိုက်) နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်များတွင် ပြည်သူ့ဆေးရုံကြီး (မုံရွာ) မြို့ ကာကွယ်ဆေးထိုးစုရပ်၌ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မုံရွာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့မှ အသက်တစ်နှစ်မှ ငါးနှစ်အတွင်း ကာကွယ်ဆေး လုံးဝမရရှိသေးသည့် ကလေးများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် မရရှိသေးသည့် ကလေး ၇၅ ဦး၊ အသက် တစ်နှစ်အောက် ပုံမှန်ကာကွယ်ဆေးထိုးနှံရမည့်ကလေး ၁၆၅ ဦး စုစုပေါင်း ၂၄၀ တို့ကို အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများဖြစ်သည့် ပိုလီယိုအစက်ချကာကွယ်ဆေး (bOPV)၊ ပိုလီယိုကာကွယ်ဆေး ထိုးဆေး (IPV)၊ ဝက်သက်ဂျိုက်သိုးရောဂါ ကာကွယ်ဆေး (MR)၊ ငါးမျိုးစပ် ကာကွယ်ဆေး (Penta) များ ထိုးနှံတိုက်ကျွေးပေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပြည်သူ့ဆေးရုံကြီး (မုံရွာ)၌ လာရောက်ပြသကုသမှု ခံယူကြသော လူနာများနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများအား ဒေသထွက် လက်ဆောင်များကိုလည်းကောင်း၊ မျက်စိခွဲစိတ်ကုသမှုခံယူသည့် လူနာများအား မျက်မှန်နှင့်ဆေးဝါးများကိုလည်းကောင်း လှူဒါန်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြစ်ကြီးနားမြို့နယ်၌ မိုးစပါးစိုက်ပျိုးထားမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

မြစ်ကြီးနား အောက်တိုဘာ ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် မော်ဖောင်း(၁) ကျေးရွာရှိ ငါးအိုးစိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်း လီမိတက်တွင် အသင်းသားတောင်သူ ၇၆ ဦး၊ စိုက်ဧကပေါင်း ၁၂၇ ဒသ ၅ ဧကဖြင့် မိုးစပါးများ စိုက်ပျိုးထားရှိသည်။

မြစ်ကြီးနားမြို့နယ် ပမ္မတီးရပ်ကွက် အနောက်မြောက်ကွင်း၊ ဦးပိုင်အမှတ် ၅၅/၄ အသင်းသားတောင်သူ ဦးချစ်ရွှေ ပိုင်လယ် ၁၈ ဧကတွင် GW-11 မျိုး ၅ ဧက၊ မော်ဘီ-၂ မျိုး ၁၃ ဧက စိုက်ပျိုးထားရှိသည်။ အဆိုပါစပါးများအနက်မှ GW-11 စပါးပင်များမှာ ရက်ပေါင်း ၇၅ ရက်သားရှိနေပြီး နိုဝင်ဘာလလယ်တွင် ရိတ်သိမ်းသွားမည်ဖြစ်ကြောင်းနှင့် တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း တင်း ၁၀၀ ကျော်ခန့် ထွက်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါ အသင်းသားတောင်သူ ဦးချစ်ရွှေ၏ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်က မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားစျေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီစျေးနှုန်းများ

၁၉-၁၀-၂၀၂၃ ကျပ်/လီတာ

Fuel [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားစျေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၁၁	၁၉၈၃
95 Ron	၂၀၀၇	၂၀၈၁
HSD (500 ppm)	၂၁၄၆	၂၂၁၈
HSD (50 ppm)	၂၂၅၇	၂၃၃၂
HSD (10 ppm)	၂၂၆၃	၂၃၃၈

မှတ်ချက်။ (၁) MOPS စျေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

(၁၈-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၇-၁၀-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၈-၁၀-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၄၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

စပျစ်စိုက်ပျိုးခြင်းဖြင့် တောင်သူစီးပွား၊ ဒေသစီးပွားတိုးပွားစေမည်

တစ်ကြိမ်စိုက်ပျိုးပြီး စနစ်တကျ ပြုစုကာ နှစ်စဉ်ဝင်ငွေရရှိနိုင်သည့်အတွက် စပျစ်စိုက်ပျိုးခြင်းကို တောင်သူအများ စိတ်ဝင်စားလာကြသည်။ စပျစ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးသူတောင်သူများ ဝင်ငွေရရှိသကဲ့သို့ ခြံလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကိုလည်း ဖော်ဆောင်ပေးနိုင်သည်။ နိုင်ငံအတွင်း စပျစ်စိုက်ပျိုးခြင်းကို အသီးစားသုံးမှုအတွက် စိုက်ပျိုးခြင်းသာမက တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သော စပျစ်ဝိုင်အဖြစ်ပါ ရည်မှန်းထုတ်လုပ်လာကြသည်။

စပျစ်စိုက်ပျိုးခြင်းသည် စိုက်ပျိုးတောင်သူ ဝင်ငွေတိုးတက်ရရှိနိုင်သည့် စိုက်ပျိုးသီးနှံတစ်ခု ဖြစ်သည့်အတွက် ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ရေနံချောင်း၊ ရမည်းသင်း၊ ပျော်ဘွယ် စသည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် စိုက်ပျိုးမှု များပြားလာသည်။ ယခုအခါ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းဒေသ၌ စပျစ်စိုက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးထားကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

ထိုသို့ ဒေသတောင်သူများ အကျိုးများစေသော စပျစ်စိုက်ပျိုးခြင်းသည် ဒေသစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိသည့်အပြင် ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ ဒေသအလိုက် အဓိက ထုတ်ကုန်များကို အခြေခံသော ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖော်ဆောင်နေသည့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) ဟူသော အစီအစဉ်နှင့် ကိုက်ညီနေသည်။

သို့ဖြစ်ရာ ဒေသစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိသည့် စပျစ်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရမည်းသင်းမြို့နယ်မှ စပျစ်စိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးချစ်ပီးနှင့် သွားရောက်မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

မေး`။ ။ ဒီဒေသမှာ စပျစ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာတယ်လို့ သိရှိရတဲ့အတွက် ဒေသရဲ့ စပျစ်စိုက်ပျိုးထုတ်လုပ်ရောင်းချမှုနဲ့ ပတ်သက်ပြီး သိရှိပါရစေ။

ဖြေ ။ ။ ကျွန်တော်တို့ ရမည်းသင်းမြို့နယ် ရွာတန်းဒေသတစ်ဝိုက်မှာ စပျစ်စိုက်ဧက ၄၀၀၀ ကျော်လောက် ရှိပါတယ်။ စိုက်ပျိုးတဲ့ စပျစ်မျိုးက ခုနစ်မျိုးလောက် ရှိပါတယ်။ အဓိကကတော့ စိုက်ပျိုးတောင်သူအတွက် အကျိုးဖြစ်ထွန်းစေမယ့်ဈေးကွက်မှာ ဝယ်လိုအားကောင်းတဲ့မျိုးတွေကို စိုက်ကြတာ ဖြစ်ပါတယ်။ စိုက်ပျိုးရာသီက နှစ်စဉ်တစ်လပိုင်းကနေ ငါးလပိုင်းအထိ ဖြစ်ပြီးတော့ ကျွန်တော်တို့ဒေသက ပျမ်းမျှစပျစ်သီး တန်ချိန် ၂၈၀၀၀ ကနေ ၃၀၀၀၀ ကျော်အထိ ထွက်ရှိပါတယ်။

မေး ။ ။ စိုက်ပျိုးထွက်ရှိတဲ့ စပျစ်တွေကို ဘယ်လို ရောင်းချပါသလဲ။

ဖြေ ။ ။ အခုကတော့ ဒေသထွက် စပျစ်သီးတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ် မြို့နယ် အားလုံးကို ကုန်သည်တွေကတစ်ဆင့် ရောင်းချပါတယ်။ ကျွန်တော်တို့ဒေသ တောင်သူတွေအတွက် ဝင်ငွေတိုးပွားစေတဲ့ သီးနှံတစ်ခုပါ။ ကျွန်တော်တို့ဒေသ ရည်မှန်းချက်ကတော့ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်တဲ့အထိ ရည်မှန်းထားပါတယ်။ အခု

“ရမည်းသင်းမြို့နယ် ရွာတန်းဒေသတစ်ဝိုက်မှာ စပျစ်စိုက်ဧက ၄၀၀၀ ကျော်လောက်ရှိပါတယ်။ စိုက်ပျိုးတဲ့ စပျစ်မျိုးက ခုနစ်မျိုးလောက် ရှိပါတယ်။ အဓိကကတော့ စိုက်ပျိုးတောင်သူအတွက် အကျိုးဖြစ်ထွန်းစေမယ့်ဈေးကွက်မှာ ဝယ်လိုအားကောင်းတဲ့မျိုးတွေကို စိုက်ကြတာ ဖြစ်ပါတယ်။ စိုက်ပျိုးရာသီက နှစ်စဉ်တစ်လပိုင်းကနေ ငါးလပိုင်းအထိ ဖြစ်ပြီးတော့ ကျွန်တော်တို့ဒေသက ပျမ်းမျှစပျစ်သီး တန်ချိန် ၂၈၀၀၀ ကနေ ၃၀၀၀၀ ကျော်အထိ ထွက်ရှိ”

နောက်ပိုင်းမှာ စပျစ်စိုက်ပျိုးရာမှာ စပျစ်စိုက်တောင်သူတွေအနေနဲ့ ဓာတုဆေးဝါးသုံးစွဲမှုကို လျှော့ချသုံးစွဲရေးဘက်ကို သွားနေကြပါပြီ။

မေး ။ ။ စပျစ်ကို တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ စပျစ်ဝိုင်အဖြစ် ဒေသမှာ ထုတ်လုပ်နေပြီလား။ ထုတ်လုပ်နေပြီဆိုရင် စပျစ်ဝိုင်အဖြစ် ထုတ်လုပ်မှုအခြေအနေကို သိပါရစေ။

ဖြေ ။ ။ စပျစ်ကနေ စပျစ်ဝိုင်အဖြစ် တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ထုတ်လုပ်ရောင်းချနိုင်အောင် စမ်းသပ်ထုတ်လုပ်နေပြီ ဖြစ်ပါတယ်။ အောင်မြင်ပါတယ်။ ကျွန်တော်တို့ဒေသမှာ ဝိုင်လုပ်တဲ့ စပျစ်မျိုးလေးမျိုး စိုက်ပျိုးထုတ်လုပ်နေပါတယ်။ စနစ်တကျခေတ်မီ နည်းပညာတွေနဲ့ အရည်အသွေးကောင်းအောင် လုပ်နိုင်လာကြပါပြီ။

မေး ။ ။ နိုင်ငံတော်ကနေ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်တွေ ဆောင်ရွက်ပေးနေတာလည်း ရှိပါတယ်။ ဒီကနေ စပျစ်စိုက်ပျိုးရေးအတွက် ငွေကြေးဖြစ်စေ၊ နည်းပညာဖြစ်စေ အထောက်အပံ့ ရရှိတာတွေ ရှိရင်လည်း ပြောပြပေးပါ။

ဖြေ ။ ။ ရှိပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကနေ ကျွန်တော်တို့ဒေသက ကျေးလက်နေပြည်သူတွေ ဝင်ငွေတိုးပွားစေဖို့ သင်တန်းတွေကို ဖွင့်လှစ်ပေးပါတယ်။ ဝိုင်ပြုလုပ်နည်းတွေကို စာတွေ့လက်တွေ့သင်ကြားပေးပါတယ်။ စပျစ်စိုက် တောင်သူတချို့ဆိုရင် (GAP) လက်မှတ်တွေရရှိနေကြပြီ ဖြစ်ပါတယ်။

ဒီနှစ်မှာ ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာမှာရှိတဲ့ စပျစ်တောင်သူတွေကို တစ်ဧက ငါးသိန်းနှုန်းနဲ့ စပျစ်စိုက်တောင်သူ ၂၂၃ ဦး၊ စပျစ်စိုက်ဧက ၅၀၆ ဒသမ ၅ ဧကအတွက် အတိုးနှုန်းသက်သာတဲ့ ချေးငွေကို တစ်နှစ်ချေးပေးခဲ့ပါတယ်။ တောင်သူတွေ စိုက်ပျိုးရေးအတွက် အထောက်အကူအများကြီး ရပါတယ်။

မေး ။ ။ စပျစ်စိုက်ပျိုးသူတောင်သူတွေကို မျှဝေလိုတာရှိရင်လည်း ပြောပြပေးပါရှင့်။

ဖြေ ။ ။ စပျစ်စိုက်ပျိုးတာဟာ စိုက်ပျိုးသူတောင်သူတွေ ဝင်ငွေတိုးတက်ရရှိတဲ့အပြင် ခြံလုပ်သား အလုပ်အကိုင်အခွင့်အလမ်းအများကြီးကိုလည်း ဖော်ဆောင်ပေးနိုင်ပါတယ်။ စပျစ်စိုက်တောင်သူတွေအနေနဲ့ စပျစ်သီးတွေကို တန်ဖိုးမြှင့်ထုတ်ကုန်ဝိုင်အဖြစ်ပါ ထုတ်လုပ်လာနိုင်တဲ့အတွက် အခွင့်အလမ်းတွေ ရရှိဦးမှာပါ။

ဒီအတွက် နိုင်ငံတော်ကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ပံ့ပိုးမှုပေးတာကိုလည်း ရရှိနေကြပြီ ဖြစ်ပါတယ်။ ဒါကြောင့် စိုက်သူဝင်ငွေတိုးပွားစေရုံသာမက ဒေသစီးပွား အကျိုးများအောင်လည်း အထောက်အပံ့ပေးနိုင်တာ အမှန်ပဲဆိုတာကို ပြောပြလိုပါတယ်။ ။

မေးမြန်း- သိမ့်သိမ့်မျိုး(ပြန်/ဆက်)
ဓာတ်ပုံ-ဇော်ဝင်းအောင်(ပြန်/ဆက်)



ရှမ်းရွာသစ်မြို့၌ တောင်ယာငရုတ်သီးများ ယခင်နှစ်ထက်ဈေးကောင်းရရှိ

ရှမ်းရွာသစ် အောက်တိုဘာ ၁၈

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ရှိ ကျေးရွာအုပ်စုများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော ဒေသခေါ် တောင်ယာငရုတ်သီးများ ပေါ်ဦးပေါ်ဖျား ပေါ်ချိန်ဖြစ်၍ ယခုနှစ်တွင် အသီးအထွက်နှုန်းလည်းကောင်းကာ ဈေးကောင်းရရှိသဖြင့် မိသားစုအပိုဝင်ငွေတိုးကာ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တောင်ယာငရုတ်သီးပင်များကို မိမိတို့၏တောတောင်ခြံမြေများနှင့်တောင်ယာများတွင် မျိုးစေ့များကြဲပက်သည့်စနစ်ဖြင့် လည်းကောင်း၊ အပင်ပေါက်များပျိုးထောင်၍သော်လည်းကောင်း အဓိကထား တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြကြောင်း၊ မြေအမျိုးအစားမရွေး ဖြစ်ထွန်းပြီး စိုက်ပျိုး၍ရကြောင်း၊ ရင့်မှည့်ပြီးချိန်တွင် အသီးများခူးဆွတ်၍ ပိုလျှံသည့် ငရုတ်သီးများကို ဒေသတွင်းဈေးဆိုင်များတွင် ပြန်လည်ရောင်းချကြောင်း၊ ယခင်နှစ်တွင် တောင်ယာငရုတ်သီးတစ်ပြည်လျှင် ငွေကျပ် ၂၀၀၀ သာ ရရှိပြီး ယခုနှစ်တွင် တစ်ကီလို ငွေကျပ် ၄၀၀၀ဖြင့် ရောင်းချရသဖြင့် ယခင်နှစ်ထက် ဈေးကောင်းရရှိကြောင်း ဒေသနေပြည်သူတစ်ဦးက ပြောသည်။

ရှမ်းရွာသစ်မြို့တွင် မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုကိုးအုပ်စုရှိပြီး ဒေသနေပြည်သူအများစုသည် လယ်ယာလုပ်ငန်းနှင့်တွဲဖက်ကာ တောင်ယာငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကို နှစ်စဉ်လုပ်ကိုင်စိုက်ပျိုးကြကြောင်း သိရသည်။ **ဇင်လေး(ပြန်/ဆက်)**

နာမည်ကျော် စာရေးဆရာ လက်ဖက်ရည်ဆိုင်

မြင့်မောင်စိုး

နာမည်ကြားကတည်းက ဒီလက်ဖက်ရည်ဆိုင်ကို သွားချင်နေတာ။ စာရေးဆရာနဲ့ လက်ဖက်ရည်ဆိုင်က ဘယ်လိုများပတ်သက်နေတာလဲ၊ ဘာကြောင့်များ နာမည်ကျော်ရတာလဲ၊ ဘယ်လိုအခင်းအကျင်းတွေနဲ့ တွေ့ရမှာလဲ၊ ဘယ်မှာရှိတာလဲ စတဲ့မေးခွန်းတွေက အတွေးထဲ အလိုလိုဝင်ရောက်လာပါတယ်။ ဒီနေရာဟာ တရုတ်နိုင်ငံ ပေကျင်းမြို့ရဲ့ လူသိများတဲ့နေရာဆိုရင် မမှားပါဘူး။ လက်ဖက်ရည်ဆိုင်နာမည်က အင်္ဂလိပ်လို LAOSHE TEAHOUSE တဲ့။ တရုတ်လိုတော့ LAOSHE (စာရေးဆရာ)၊ Cha guan (လက်ဖက်ရည်ဆိုင်) လို့ အမိပ္ပာယ်ရပါတယ်။ ဒီလက်ဖက်ရည်ဆိုင်ရဲ့ တည်နေရာက ပေကျင်းမြို့ Qianmen West Street တဲ့။

စီချွမ်အော်ပရာ ရုပ်ပြောင်းရုပ်လွှဲအက တင်ဆက်မှု။

လက်ဖက်ရည်ဆိုင်ကို တည်ထောင်သူ Mr.Yin Shengxi ၏ ကြေးရုပ်တု။

လက်ဖက်ရည်ဆိုင် အပြင်အဆင်

တရုတ်နိုင်ငံကို အလည်အပတ်ရောက်ရှိနေတဲ့ ကျွန်တော်တို့ မြန်မာမီဒီယာအဖွဲ့ ဒီလက်ဖက်ရည်ဆိုင်ကို ရောက်သွားတဲ့အချိန်က ည ၇ နာရီလောက်ရှိပြီ။ လက်ဖက်ရည်ဆိုင်ထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ အောက်ထပ်မှာ လက်ဖက်ရည်ကြွေပန်းကန်လုံးလေးတွေကို တုတ်ချောင်းနဲ့တီးပြနေတဲ့ ချောမောလှပတဲ့ မိန်းမပျိုလေးတစ်ယောက်ကို တွေ့ရတယ်။ လက်ဖက်ရည်ပန်းကန်လုံးလေးများကို တုတ်ချောင်းနဲ့တီးခေါက်ပြီး ရှေးကျတဲ့ တရုတ်တေးသွားတစ်ပုဒ်ရဲ့ တေးသွားသံစဉ်ဖြစ်အောင် တီးပြနေတာ။ အဲဒီနေရာကနေ အပေါ်ထပ်ကို တက်သွားတော့ လှေကားအတက်မှာ အတော်လေး ကြီးကြီးမားမားရှိတဲ့ ရေနွေးကရားအိုးကြီး။ ပြီးတော့ အတော်လေး ရှေးကျတဲ့ တရုတ်ရေနွေးအိုးလေးတွေ၊ လက်ဖက်ရည်ပန်းကန်လေးတွေကို ပြခန်းသဖွယ် ပြသထားတာတွေ့ရပါတယ်။ လှေကားထိပ်မှာတော့ စာရေးဆရာလက်ဖက်ရည်ဆိုင်ကို တည်ထောင်သူ Mr.Yin Shengxi ရဲ့ ခင်မင်ရင်းနှီးစွာ ပြုံးပြနေတဲ့ ကိုယ်တစ်ပိုင်းပြတ်ကြေးရုပ်တုကို တွေ့ရပါတယ်။ အဲဒီကမှတစ်ဆင့် အထဲကိုဝင်သွားလိုက်တယ်ဆိုရင်ပဲ ခမ်းနားလှပစွာပြင်ဆင်ထားတဲ့ စတိတ်စင်တစ်ခု၊ သူ့ရှေ့မှာ စားပွဲခုံတွေကို သူ့ဝိုင်းနဲ့သူပြင်ထားတာတွေ့ရတယ်။ ကျွန်တော်တို့အဖွဲ့ လက်ဖက်ရည်စားပွဲကို ဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားတဲ့ တရုတ်မလေးတွေက ရွှေရောင်ရေနွေးကရား၊ ရေနွေးပန်းကန်တွေ လာချပေးတယ်။ ရေနွေးပန်းကန်တွေကတော့ အဖုံးလေးတွေနဲ့။ ရေနွေးပန်ကန်အဖုံးကို ဖွင့်လိုက်တဲ့အခါမှာတော့ ကျွန်တော်တို့ ထင်ထားတဲ့ လက်ဖက်ရည်မဟုတ်ဘူးဗျ။ အင်မတန်မွှေးကြိုင်ပြီး

စာရေးဆရာ လက်ဖက်ရည်ဆိုင်ဆိုတာ ဖျော်ဖြေတင်ဆက်မှုရသနဲ့ အရည်အသွေးမြင့် ထုတ်ကုန်တစ်ခုတို့ပေါင်းစပ်ထားတာလို့ ဆိုရမလား။ ဖျော်ဖြေတင်ဆက်မှုများက သမားရိုးကျမဟုတ်။ ရုပ်သေးတစ်ခုတည်း ကပြသွားတာမဟုတ်။ ရုပ်သေး၊ ရိုးရာ၊ ဟာသ၊ မျက်လှည့်၊ ဆပ်ကပ်၊ ရှေးဟောင်းစတဲ့ အမယ်စုံ ဖျော်ဖြေတင်ဆက်သွားတာ။ ပရိသတ်ကို တစ်ခုပြီးတစ်ခု ရှုမငြီးရလေအောင် တင်ဆက်သွားတာ

လက်ဖက်ခြောက် အကောင်းစားကို ခတ်ထားတဲ့ ရေနွေးကြမ်း။ မွှေးကြိုင်နေတဲ့လက်ဖက်ညွန့်တွေကြောင့် ရေနွေးကြမ်းဟာ စိမ်းပြီးမွှေးနေတာပဲ။ မွှေးကြိုင်နေတဲ့ လက်ဖက်ရည်ရေနွေးကိုမြင်လိုက်တာနဲ့ မသောက်ရမနေနိုင်လို့ တစ်ကျိုက်လောက် သောက်ကြည့်လိုက်တဲ့အခါမှာတော့ အတော်လေးကို အရသာရှိတဲ့ လက်ဖက်ရည်ပါပဲ။

ဖျော်ဖြေတင်ဆက်မှုများ

ဟော... ပြောရင်းဆိုရင်း ဖျော်ဖြေတင်ဆက်မှုစပြီ။

ဖျော်ဖြေတင်ဆက်မှု အမည်က Hand Shadow Show တဲ့။ လက်အရိပ်ကကွက်ပေါ့။ လက်အရိပ်နဲ့ ဂီတပေါင်းစပ်ထားတဲ့ဖျော်ဖြေမှုပါ။ ပရိသတ်တွေ အတော်လေးသဘောကျကြပါတယ်။ ဆန်းသစ်တီထွင်ထားတဲ့ ဖျော်ဖြေမှုတစ်ခုပါ။ နာမည်ကြီးအင်္ဂလိပ်သီချင်းတစ်ပုဒ်ကို လက်အရိပ်ကကွက်နဲ့ တွဲဖက်ကပြသွားတာ။ ပွဲအထွက်မှာ ပရိသတ်ရဲ့ အားပေးမှုက သောသောညံလို့။

ဟော... နောက်တစ်ခန်း လာပြီ။ Butterfly Lover တဲ့။ လိပ်ပြာချစ်သူများပေါ့။ ဒီကကွက်ကတော့ တရုတ်ရှေးဟောင်း ရုပ်သေးပြကွက်လို့ ဆိုနိုင်ပါတယ်။ လိပ်ပြာအကကို ရုပ်သေးအကနဲ့ ကပြသွားတာ။ ပရိသတ်တွေကို နှစ်ခြိုက်သဘောကျစေခဲ့ပါတယ်။

အခုတစ်ဖန် အလှည့်ကျသူကတော့ နာမည်ကျော် တရုတ်အမျိုးသမီး မျက်လှည့်ပညာရှင် Xu Qiu ရဲ့ဖျော်ဖြေတင်ဆက်မှုပါ။ သူ့ရဲ့ ဖျော်ဖြေတင်ဆက်မှုကလည်း ပွဲကြည့်သူပရိသတ်ကို ဟာခနဲ၊ ဟင်ခနဲတကယ့်ကိုပဲ အံ့ဩမှုရသကို ပေးစွမ်းနိုင်ခဲ့ပါတယ်။ တရုတ်လူငယ်လေးနှစ်ဦးရဲ့ Crosstalk ဖျော်ဖြေတင်ဆက်မှုက အပြန်အလှန်စကားအချီအချပြောဆိုပုံ၊ သီဆိုပုံတွေကလည်း လက်ဖက်ရည်သောက်နေတဲ့ ရွှေပွဲလာပရိသတ်များကို ဟာသပညာနဲ့ ရယ်မောစေခဲ့ပါတယ်။

နောက် ကကွက်တစ်ခုကတော့ The teapot in the Universe တဲ့။ စကြာဝဠာထဲက ရေနွေးအိုးပေါ့။ ဒီကကွက်ကတော့ စာရေးဆရာ လက်ဖက်ရည်ဆိုင်ရဲ့ အထူးတင်ဆက်တဲ့ကကွက်လို့ ဆိုရမှာပါ။ ရေနွေးကရားအိုးများနဲ့ စိတ်ဝင်စားဖွယ်ဖြစ်အောင် ကပြသွားတာပါ။ တရုတ်လူမျိုးတို့ရဲ့ လက်ဖက်ရည်ကို တန်ဖိုးထားပုံ၊ လက်ဖက်ရည်ကို အမြတ်တနိုးရှိပုံတွေကို သာယာကြည်နူးဖွယ် နောက်ခံတေးသွားများနဲ့ ဖျော်ဖြေတင်ဆက်သွားတာ တွေ့ရပါတယ်။

တစ်ဖန် Beijing folk Wrestling ကကွက်ကလည်း ကောင်းမှကောင်း။ နပန်းသမားသုံးဦးက ဟာသဆန်ဆန် ထိုးသတ်ကပြသွားတာ ပရိသတ်တွေကို နှစ်ခြိုက်ရယ်မောစေခဲ့ပါတယ်။ Ball Bouncing and juggling ကတော့ ပင်ပေါင်ဘောလုံးဆယ်လုံးနဲ့ ဆပ်ကပ်ဆန်ဆန် အသုံးတော်ခံသွားခဲ့ပါတယ်။ နောက်ကကွက်တစ်ခုကတော့ juggling with the flower Jar တဲ့။ ပန်းအိုးတွေနဲ့ ကပြသွားတာဖြစ်ပါတယ်။ သူလည်း ကြည့်လို့ကောင်းပါတယ်။ ထူးခြားတဲ့ တင်ဆက်မှုပါ။ နောက်ဆုံးတင်ဆက်မှုကတော့ Face-changing of Sichuan Opera တဲ့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၀ က စီချွမ်အော်ပရာအက၊ ရုပ်ပြောင်းရုပ်လွှဲအက တင်ဆက်မှုဖြစ်ပါတယ်။ ပရိသတ်တွေ အထူးနှစ်ခြိုက်စေခဲ့တဲ့ နောက်ဆုံးကကွက်ဖြစ်ပါတယ်။

ဆန်းသစ်တီထွင်ထားတဲ့ အစီအစဉ် ကောင်းတစ်ခု

ကဲ...စာရေးဆရာ လက်ဖက်ရည်ဆိုင်ဆိုတာဘာလဲ။ ကျွန်တော်တို့အားလုံး သိလိုက်ပါပြီ။ ဖျော်ဖြေတင်ဆက်မှုရသနဲ့ အရည်အသွေးမြင့် ထုတ်ကုန်တစ်ခုတို့ ပေါင်းစပ်ထားတာလို့ ဆိုရမလား။ ဖျော်ဖြေတင်ဆက်မှုများက သမားရိုးကျမဟုတ်။ ရုပ်သေးတစ်ခုတည်း ကပြသွားတာမဟုတ်။ ရုပ်သေး၊ ရိုးရာ၊ ဟာသ၊ မျက်လှည့်၊ ဆပ်ကပ်၊ ရှေးဟောင်း စတဲ့ အမယ်စုံ ဖျော်ဖြေတင်ဆက်သွားတာ။ ပရိသတ်ကို တစ်ခုပြီးတစ်ခု ရှုမငြီးရလေအောင်တင်ဆက်သွားတာ။ တစ်ဖက်မှာ လက်ဖက်ဆိုတဲ့ ထုတ်ကုန်က ကမ္ဘာကျော်သွားတယ်။ ဒီကနေ့ တရုတ်လက်ဖက်ခြောက်ဆိုတာ ကောင်းလည်းကောင်းသလို လူကြိုက်လည်းများတယ်။ ဆန်းသစ်တီထွင်ထားတဲ့ အစီအစဉ်ကောင်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ အစီအစဉ်ကောင်းသလို ရုံဝင်ကြေးလက်မှတ်ခကလည်း မသေးဘူး။ ယွမ် ၂၈၀ တဲ့။ မြန်မာငွေနဲ့ တွက်ရင်တော့ ကျပ်တစ်သိန်းခွဲလောက် ရှိမှာပေါ့။

ဆိုင်ကို တည်ထောင်ခဲ့သူ

စာရေးဆရာ လက်ဖက်ဆိုင်အကြောင်းပြောရင် ဆိုင်ကိုတည်ထောင်ခဲ့သူအကြောင်း မပါရင်မပြီးပါဘူး။

ဒီစာရေးဆရာ လက်ဖက်ရည်ဆိုင် (Laoshe Teahouse) ကို စတင်တည်ထောင်သူကတော့ Yin Shengxi (၁၉၃၈–၂၀၀၃) တဲ့။ သူဟာ ပေကျင်းမြို့ရဲ့ စံပြအလုပ်သမားများထဲက တစ်ဦးဖြစ်ပြီး ပေကျင်းမြို့ ပြည်သူ့ကွန်ဂရက် (၈) ကြိမ်နဲ့ (၉) ကြိမ်မြောက် ကိုယ်စားလှယ်နဲ့ Beijing Big Bowl Tea Culture Development Co., Ltd တည်ထောင်သူလည်းဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်မှာ Mr.Yin Shengxi ဟာ အဆင့်မြင့်တဲ့ အသိအမြင်၊ ထက်မြက်တဲ့စိတ်ဓာတ်နဲ့ Laoshe Teahouse ကို တည်ထောင်ခဲ့ပါတယ်။ မျိုးဆက်နှစ်ဆက်ရဲ့ ပူးပေါင်းကြိုးပမ်းမှုအောက်မှာ လက်ဖက်ရည်ဆိုင်ဟာ "ရှေးလက်ဖက်ယဉ်ကျေးမှု" ကို ပြန်လည် အသက်သွင်းမှုနဲ့အတူ အမျိုးသားအနုပညာ ပန်းပွင့်တွေကို စံနမူနာအဖြစ်မွေးမြူကာ တရုတ်အမျိုးသားယဉ်ကျေးမှုကို ပြသတဲ့ ပြတင်းပေါက်တစ်ခု ဖြစ်လာပြီး လက်ဖက်ယဉ်ကျေးမှုကို ပေါင်းစပ်ခြင်းဖြင့် တရုတ်နိုင်ငံနဲ့ ကမ္ဘာ့ပြည်သူများကို ချိတ်ဆက်ပေးတဲ့ တံတားတစ်စင်းဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့အတွေးအခေါ် အယူအဆ လုပ်ပုံကိုင်ပုံ၊ တီထွင်ဆန်းသစ်မှု၊ လူမျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တွေဟာ ယနေ့တရုတ်လူငယ်တွေသာမက လူငယ်များအတွက်ပါ ဂုဏ်ယူဖွယ်၊ အားကျဖွယ်ကောင်းတဲ့သူတစ်ယောက်အဖြစ် အစဉ်တည်မြဲနေတော့မှာ ဖြစ်ပါတယ်။ ။

စာရေးဆရာ လက်ဖက်ရည်ဆိုင်၏ အဝင်မြင်ကွင်း။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ဟဲယာရွာမကျေးရွာမှ ငါးဖယ်ချောင်းကျေးရွာသို့ ကြွချီပူဇော်ခံ

ညောင်ရွှေ အောက်တိုဘာ ၁၈

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် အောက်တိုဘာ ၁၈ ရက် နံနက် ၇ နာရီတွင် အင်းလေးဒေသ ဟဲယာရွာမ စံကျောင်းမှ ငါးဖယ်ချောင်းကျေးရွာစံကျောင်းသို့ ကြွချီပူဇော်ခံခဲ့ကြောင်း သိရသည်။

ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ပင့်ဆောင်သည့် ကရဝိက်ဖောင်တော်ကို အင်းသားရိုးရာ ဆွဲလှေ ၂၈ စင်းဖြင့် ပင့်ဆောင်ပူဇော်ခဲ့သည်။ ငါးဖယ်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း စံကျောင်းတော်တွင် ဆရာတော်၊ သံဃာတော်များ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများက ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ရွှေသင်္ကန်းများဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် ငါးဖယ်ချောင်းစံကျောင်းတွင် ညကျိန်းပူဇော်ခံပြီး အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီတွင် ကြေးစားကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ စံကျောင်းတော်သို့ ကြွချီပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးသူရိန်**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)၌ လူငယ်စကားဝိုင်းကျင်းပ

မန္တလေး အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ရှိ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သောလူငယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာကျော်သီဟက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးပြီး အဆိုပါ ဆေးတက္ကသိုလ်မှ ကျောင်းသူ မသော်ယမုံထွန်းက "လူငယ်နှင့်ပညာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသူ မဖြိုးသင်ဇာကျော်က "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျောင်းသူ မစန်းယုနွယ်က "လူငယ်နှင့်ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသား မောင်ဟိန်းထက်က "လူငယ်နှင့်နည်းပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသူမစန္ဒာမိုးဇော်က "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသူ မမြတ်အိန္ဒြေခိုင်က "ကျား/မတန်းတူ ညီမျှရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော လူငယ်လေးများကလည်း ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျော်စွာ(ချမ်း/ စည်)

ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းရာတွင် အခက်အခဲမရှိစေရေးဆောင်ရွက်ပေး

ပဲခူး အောက်တိုဘာ ၁၈

ပဲခူးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ခင်းများအား ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ စီမံဆောင်ရွက်ပေးမှုဖြင့် ရိတ်သိမ်းခြွေလှေ့စက် ၁၀ စီးဖြင့် ယနေ့နံနက်ပိုင်းက ကျေးရွာများအရောက် စပါးများ လိုက်လံရိတ်သိမ်းပေးလျက်ရှိသည်။ (ဝဲပုံ)

ထိုသို့ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးများရိတ်သိမ်း ရာတွင်တောင်သူများအခက်အခဲမရှိစေရေးအတွက် ပဲခူးမြို့နယ် စိုက်ညှိ အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သက်ထက်**

ဗဟန်းမြို့နယ်၌ Biometric လုပ်ငန်းများ ဆောင်ရွက်ပေး

ရန်ကုန် အောက်တိုဘာ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဗဟန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ Biometric ဆောင်ရွက်ခြင်းလုပ်ငန်းများကို ယနေ့ နံနက်က ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် နတ်မောက်လမ်းသွယ်(၁) မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)သို့ လာရောက်ပြုလုပ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ပြုလုပ်ပေးရာတွင် ဗဟန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်သန်း၊ လဝကမှူး ဒေါ်ခင်ခင်စိုးနှင့် ဝန်ထမ်းများက မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်) ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ ရပ်ကွက်အတွင်းရှိ ပြည်သူများအား Biometric လုပ်ငန်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အာကာလင်း

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁၀ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၂၅၅ ကျပ်	၂၃၀၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၇၀ ကျပ်	၂၄၂၀ ကျပ်
အောက်တိန်း ၉၂	၂၀၁၅ ကျပ်	၂၀၆၅ ကျပ်
အောက်တိန်း ၉၅	၂၁၁၅ ကျပ်	၂၁၆၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၈၀၀	၈၉၀၀	၄၄၀	၃၈၇၃၀၀၀
MTSH	၃၀၀၀	၃၀၀၀	၁၉၁	၅၇၃၀၀၀
MCB	၈၀၀၀	၈၄၀၀	၁၉၅	၁၆၂၈၀၀၀
FPB	၁၇၀၀	၁၇၀၀	၁၆၇	၂၈၃၉၀၀
TMH	၂၆၅၀	၂၆၅၀	၃၀၂	၈၀၀၃၀၀
EFR	၂၁၅၀	၂၁၀၀	၂၂၀	၄၆၂၀၀၀
AHPC	၄၉၀၀	၄၉၀၀	၃၀	၁၄၇၀၀၀
MAEPC	၁၇၅၀	၁၇၅၀	၁၉၈၉	၃၄၈၀၇၅၀

ညီညီ - စုစည်းသည်

(၅၆) ကြိမ်မြောက် ၁,၀၀၀ ကျပ်တန် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီကို (၁.၁၀.၂၀၂၃) ရက်နေ့မှ စတင် ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့် ပေးသွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများ အနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင်တော့မည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

နိုဝင်ဘာလ (၁)ရက်နေ့ ထီဖွင့်မည်။
ထီဖွင့်ရန် (၁၃)ရက်သာ လိုတော့သည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဦးဘဇံလမ်း၊ အမှတ် (၃၂/C)၊ အခန်းအမှတ် (A-3)၊ အကျယ်အဝန်း စတုရန်းပေ(၁၄၈၀)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာစိုးလှိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်ဌေးလွင်၊ တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၇၇၅)
အမှတ် (၂၇)(ဘီ)၊ မြေညီထပ်၊ ဗဟိုရ်လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉၄၂၀၁၆၃၃၂၃

ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ် (၂၈-ခ)၊ မြေချိန်ဧရိယာ (၀.၀၂၉)ဧကရှိ ဘိုးဘွားပိုင်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးပီမနော်ဟာရ်ထံမှ မြေကွက်သက်သက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်-(၁၄၈/၂၀၁၄)အရ ဒေါ်ရှုလွမ်မှ တရားဝင်ဝယ်ယူခဲ့ပြီး ဒေါ်ရှုလွမ်မှတစ်ဆင့် အိမ်နှင့်မြေကွက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်-(၂၉/၂၀၁၅)ဖြင့် ဒေါ်ဇင်မင်းထိုက်၊ ဒေါ်မင်းမင်းထွေးတို့နှစ်ဦးထံသို့ လွှဲပြောင်းရောင်းချခဲ့ပြီး အဆိုပါဒေါ်ဇင်မင်းထိုက်နှင့် ဒေါ်မင်းမင်းထွေးတို့နှစ်ဦးထံမှ ဦးခင်ဇော်မြင့်နှင့်ဇနီး ဒေါ်စောမေတို့ နှစ်ဦးအမည်ဖြင့် အိမ်နှင့်မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်-(၇၉/၂၀၂၃)ဖြင့် အပြီးအပိုင်ဝယ်ယူ ခဲ့ပြီးဖြစ်ပါ၍ ဦးခင်ဇော်မြင့်နှင့်ဇနီး ဒေါ်စောမေ၏ အမည်သို့ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလဲလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာလိုက်သည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မော်လမြိုင်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း (အထက်ဘလောက်)၊ တိုက်အမှတ် (၂၆၂/၂၈၆)၊ (ဒုတိယထပ်)၊ အခန်းအမှတ် (၂၅)၊ အခန်းအမှတ် (၂၆)တွင်တည်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် အသင်းစု၊ ဥက္ကဋ္ဌ ဒေါ်လှလှမြင့် (၅/ခဥတ(နိုင်)၀၀၂၉၆၅)နှင့် အတွင်းရေးမှူး ဦးတင်ဝင်း (၅/မရန(နိုင်)၀၂၉၄၀၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း (အထက်ဘလောက်)၊ တိုက်အမှတ် (၂၆၂/၂၈၆)၊ (ဒုတိယထပ်)၊ အခန်းအမှတ် (၂၅) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၄' x ၅၀') ရှိ တိုက်ခန်း နှင့် အခန်းအမှတ် (၂၆)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၄' x ၅၀') ရှိ တိုက်ခန်းတို့မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် သမဝါယမ အသင်းစုက ပိုင်ဆိုင်သည့်တိုက်ခန်းများ ဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်း (၂)ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအခန်း (၂)ခန်းအား စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် သမဝါယမအသင်းစုကပိုင်ရှင်အဖြစ် စီမံခန့်ခွဲကာ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြစိုးဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၈၁)
အမှတ် (၅၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ - ၁ နှင့် ၅)
မော်လမြိုင်ခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၅

ဦးသိန်းဝင်း	နှင့်	ဦးကိုကိုကြီး
(တရားလို)		(တရားပြိုင်)

ဦးကိုကိုကြီး၊ အမှတ် (၉၂)၊ စေတနာလမ်းသွယ်၊ ဥယျာဉ်လမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက"ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်အားမှတ်ပုံတင်ပေးစေလိုမှု"ဖြင့် လျှောက် ထားစွဲဆိုခြင်းဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ရက်၊ (၁၃၈၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ရက်နေ့)မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင်အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်နေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(လေး)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

(ကျော်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်

ကျွန်မ ဒေါ်စိန်နွဲ့ (အဘ) ဦးတင် (၁၂/တမန (နိုင်) ၀၄၂၉၄၅) မှ ဦးမျိုးအောင် (အဘ) ဦးတင်မြင့် (၁၂/တမန (နိုင်) ၀၉၄၅၅၇) အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၄-၁၂-၂၀၁၅) ရက်နေ့တွင် ပေးအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်- ၁၂၄၇၆ အား ယနေ့မှစတင်ကာ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စိန်နွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လင်းလက်ဇလေးမောင် (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ် - ၃၈၉၀၄)
အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၄၄၄၂၅၂၂၀၀

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်

ဦးသိုက်ထွန်း (အဘ) ဦးရွှေကြူ၊ နိုင်ငံသားအမှတ်- ၁၂/တမန (နိုင်) ၀၅၇၀၄၅ နှင့် ကျွန်မ ဒေါ်စိန်နွဲ့ (အဘ) ဦးတင်၊ နိုင်ငံသားအမှတ်-၁၂/တမန (နိုင်) ၀၄၂၉၄၅ တို့မှ ဦးရာဇင် (ခ) ဦးမျိုးအောင် (အဘ) ဦးမာမွတ်ရာမန် (ခ) ဦးတင်မြင့် နိုင်ငံသားအမှတ်- ၁၂/တမန (နိုင်) ၀၉၄၅၅၇ နှင့် ဦးအင်ဂျူဟာဆောင် (ခ) ကျော်မြင့် (အဘ) ဦးဆုလေမာန် နိုင်ငံသားအမှတ်- ၁၂/တမန (နိုင်) ၁၃၈၉၉၈ တို့အား သန်လျင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်- ၈၉၈ အား (၁၉-၁၂-၂၀၁၉) နေ့တွင် လွှဲအပ်ပေးခဲ့ကြပါသည်။ ကျွန်မ၏ ခင်ပွန်းဖြစ်သူ ဦးသိုက်ထွန်းသည် (၂-၂-၂၀၂၂) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသဖြင့် ဇနီးဖြစ်သူ ကျွန်မ ဒေါ်စိန်နွဲ့မှ အထက်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစတင်၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စိန်နွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လင်းလက်ဇလေးမောင် (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ် - ၃၈၉၀၄)
အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၄၄၄၂၅၂၂၀၀

အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ချောင်းသာမြို့၊ အမှတ်(၂)ရပ်ကွက်၊ ချောင်းသာ- ပုသိမ်ကားလမ်းမကြီး၊ ကွင်းအမှတ်-၁၉၉၀ (ချောင်းသာကွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-ဆ-၁(က)၊ မျက်နှာစာ အလျား-၉၅ပေxရှေ့နောက်အနံ-၁၂၀ပေ (ဧရိယာဧက-၀.၂၆၂)ရှိ ဦးဝေမင်းဦး(၉/မနမ(နိုင်)၀၀၀၁၂၉) အမည်ဖြင့် မှတ်သားတည်ရှိသော ဂရန်မြေကွက်အား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်အောင် (၁၄/ပသန(နိုင်)၁၅၈၃၄၈)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူ ဦးဝေမင်းဦး (၉/မနမ(နိုင်)၀၀၀၁၂၉)ထံသို့ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါနှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆိုသည့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း(မူရင်း)များ ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ တင်ပြကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အထက်ဖော်ပြပါ ဂရန်မြေအရောင်းအဝယ်ကိစ္စအားလုံး ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန့်ဇင်အောင် (၁၄/ပသန(နိုင်) ၁၅၈၃၄၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမောင်မောင်စိုး (စဉ်-၁၀၂၈၄/၁၅)	ဦးသန့်ဇင်လှိုင် (စဉ်-၅၀၈၃၈/၁၉)
တရားလွှတ်တော်ရှေ့နေ	ဒေါ်ပြည့်ပြည့်ပပစိုး(စဉ်-၅၃၄၆၀/၂၀)
	ဦးသီဟဇော်လတ်(စဉ်-၅၅၇၉၀/၂၃)
	အထက်တန်းရှေ့နေများ

တိုက်-၁၇၊ အခန်း-၁၊ ကြို့ကုန်းရိပ်သာ၊ အနောက်ကြို့ကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ တိုက်-၈၊ အခန်း-၀၀၃၊ အောင်ဇေယျအိမ်ရာ၊
ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း - ၀၉-၄၅၉၉၁၀၉၉၆၉၊ ၀၉-၆၂၇၈၀၉၆၉

ကုန်အမှတ်တံဆိပ်များအသိပေးကြေညာခြင်း

96th Street, No.1245/Kha+Ga, Nawaday Housing, Ward No.(6), Hlaing Thar Yar Township, Yangon Region တွင် တည်ရှိသော Long Qi Group Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ် – 110785496 အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်များအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်သွင်းထားသည့် မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်များ၏ပိုင်ရှင်ဖြစ်ပါသည်–

BLU MALI
LASTING PINNIP
NGAPALI BEACH
Min Dong Wolf

၎င်းအမှတ်တံဆိပ်အမည်များ၊ တံဆိပ်အမှတ်အသားများ၊ ကုမ္ပဏီအမည်နှင့်ပင် ဖိနပ်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း စသည်တို့ကို ဖြန့်ချီခြင်း၊ သယ်ယူရောင်းချခြင်း၊ ပို့ဆောင်ခြင်းလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်နေသော လုပ်ငန်းများအားလုံး လုပ်ကိုင်ရာတွင် ၎င်းအမှတ်တံဆိပ် အမည်များနှင့် အမှတ်အသားများကို ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ကာလာအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ် ပြုလုပ်၍ ရန်ကုန်မြို့တော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းတွင် လုပ်ငန်းခွဲများဖြင့် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါ အမှတ်တံဆိပ်အမည်များ၊ တံဆိပ်အမှတ်အသားများအား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောအားဖြင့်ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ် ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမင်းခန့်ဦး (LL.B, LL.M, WIPO SWITZERLAND)
အထက်တန်းရှေ့နေ[စဉ်–၅၃၄၉၄/၃၁–၈–၂၀၂၀]
တိုက်အမှတ်(၉)၊ ရပ်ကွက်အမှတ်(၃၆)၊ နဝဒေးဥယျာဉ်အိမ်ရာ
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉–၇၆၅၄၇၉၆၈၆၊ ၀၉–၄၅၃၀၃၁၀၁၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်၊ အကွက်အမှတ်(၈၀)၊ အကွက်အမည် –စောစီရွာ၊ မြေကွက်အမှတ်–(5/120) ဦးပိုင်အမှတ်(၁၃၉)၊ ဧရိယာ(၀.၀၄၀)ဧက အမည်ရှိမြေကွက်နှင့် အကျိုးခံစားခွင့်များကို အဆင့်ဆင့် ဝယ်ယူလက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ရီရီဝင်း(ယင်း၏ဆွေမျိုးတော်စပ်သူ ဦးအောင်သန်းဦး)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူထားပါသည်။အဆိုပါအရောင်းအဝယ်ပြုထားခြင်းအား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးခင်မောင်ထွေး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၆၆၂၂/၁၃–၁၀–၉၈)
အမှတ်(၃၁–ဃ)၊ နယ်မြေ(၇)၊ ဝန်ကြီးလမ်းခွဲ(၂)၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း –၀၉–၅၂၁၁၃၉၈၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ ဦးအောင်ဇေယျ(၇)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ်(၁၀၁၅/က)၊ မြေအမျိုးအစားပါမစ်၊ ဧရိယာ(ပေ၂၀xပေ၆၀)အကျယ်အဝန်းရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးထွန်းလှ (Q/RGN–၀၀၈၃၈၉)အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ကာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျော့ဝါဝါကို (၁၂/ဒလန(နိုင်)၀၈၁၄၅၁)က အမွေဆိုင်၊ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် မိမိလက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် ကျွန်တော်ဦးသက်လွင်ဦးထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်တော်ဦးသက်လွင်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။ **ဦးသက်လွင်ဦး ၁၂/မရက(နိုင်)၁၉၂၅၂၅ ဖုန်း-၀၉-၇၆၇၅၂၇၆၃၅၊ ၀၉-၈၇၇၃၉၃၈၀၀**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြနန္ဒာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ လူနေရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၆၉၀)၊ (အလျားပေ၄၀ x အနံပေ၆၀)ရှိ ပါမစ်မြေ အမျိုးအစားအိမ်ခြံမြေကို ဦးဘတင် (၁၂/ဗတထ(နိုင်)၀၁၆၃၆၀)မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်း (၁၂/သကတ(နိုင်)၁၃၅၀၀၆)မှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက် (၁၆–၁၀–၂၀၂၃)ရက်တွင် အိမ်ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံ မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ ပြဿနာတစ်စုံတစ်ရာ၊ အရှုပ်အရှင်း တစ်စုံတစ်ရာရှိပါက သက်ဆိုင်သူသည် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိတ်ဆွေများထံသို့ လူကိုယ်တိုင်တိုက်ရိုက်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ကတိစာချုပ်ပါနေ့ရက်အတိုင်း ဆက်လက်၍အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်စွာထက် (တရားလွှတ်တော်ရှေ့နေ)၊ စဉ်–၁၂၈၉၁
ရုံးခန်းလိပ်စာ – အမှတ်(၅၆၆/က)၊ မြို့မလမ်း၊ (မြေညီ)၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊
ဖုန်း–၀၉–၇၉၅၁၅၈၀၄၀၊ ၀၉–၄၅၀၃၃၀၃၇၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၄၃၇/ခ)၊ အကျယ်အဝန်းပေ (၂၀x၆၀)၊ ဦးသိန်းဝင်းအမည်ပေါက် ပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဇော်ဌေး (၉/ကပတ(နိုင်) ၂၅၇၅၄၅)က ဆက်စပ်စာချုပ်များအရ နေထိုင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေအား လွှဲပြောင်းရောင်းချကာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေအား ရောင်းဝယ်မှုကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ ဖြစ်စေ အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါ ကြောင်း၊ အကယ်၍ (၇)ရက်ထက်ကျော်လွန်ပြီး လာရောက်ကန့်ကွက်ခြင်းမရှိပါက ဤရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်၍ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သင်းရွှေဇင်
အထက်တန်းရှေ့နေ (စဉ်–၃၉၆၄၀)
အမှတ်(၉၄၂)၊ ဝပ်ရှော့(၂)လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၉၅၄၉၆၇၈၂

ကျေးဇူးတင်လွှာ

